FOLLOW YOUR HEART

Finding purpose in Your Life and Work

ANDREW MATTHEWS

စိတ်နောက်ကိုယပါ

ပျော်ရွှင်ရာ အောင်မြင်မှုက ဖတ်ပါ

ဂျွန် - မြန်မာပြန်

စိတ်နောက်ကိုယပ်ပါ
ပျော်ရွှင်စာ
အောင်မြင်မှုက ပဝါးမကွာ

ဂျန် - မြန်မာပြန်

မိမိတို့၏ ဘဝရှင်သန်ရာနှင့်
အလုပ်ခွင်အတွင်း
သင့်စိတ်နှလုံးသားအလိုကို မဆန့်ကျင်ဘဲ
အလိုက်သင့်ပြုပြင်နေထိုင်ရင်း
ပျော်ရွှင်အောင်မြင်သော
လူသားတစ်ဦးအဖြစ်ရရှိရေး
တွေးဆချက်များ။

AH0087
2,300.00 KS

စိတ်နောက်ကိုယ်ပါ ပျော်ရွှင်ရာ အောင်မြင်မှုက ဗဝါးမကွာ၊ ရွှန်
အမြင်အဆင် - အမ်အက်စ်အို၊ စာမျက်နှာ ၁၉၅ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၈၅ ဘဏ္ဍာလမ်း တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၈၊ မစိုးရိပ်လမ်း ရန်ကင်း။
၂၀၁၇ ခေါက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

စိတ်ကူးချိုချိုစာအုပ်

စိတ်နှောက်ကိုယ်ပါ ပျော်ရွှင်ရာ ဆောင်မြင်မှုက ဖဝါးမကွာ

FOLLOW YOUR HEART

Finding Purpose in Your Life and Work

Andrew Matthews

ရှုန်

မြန်မာပြန်

ဝေယန်တိုက်ပါ ၂၀၁၇ရ

ကျွန်တော်တို့ရဲ့ လက်တွေ့ဘဝ၊ လက်တွေ့လုပ်ငန်းခွင်ထဲက နိစ္စမ္ဘဝကိစ္စတွေထဲမှာ အောင်မြင်မှုနဲ့ ပျော်ရွှင်မှုကို ပူးတွဲရရှိနိုင်ရေး လမ်းညွှန်ဆွေးနွေးချက်များ။

မာတိကာ

အောင်မြင်လိုသော စိတ်ဆန္ဒအတိုင်း လက်တွေ့ကျကျလုပ်ဆောင်ခြင်း

အောင်မြင်လိုတဲ့ ဆန္ဒရှိထားပြီးတဲ့အတိုင်း လက်တွေ့လုပ်ဆောင်နိုင်ခြင်းရှိစေဖို့ ယုံကြည်လက်ခံထားတဲ့ သဘောထားအမြင် ၁၀ ရပ်ရှိပါတယ်။

၁။ သင်ခန်းစာတွေကို သင်ယူဖို့ ကျွန်ုပ်တို့ ဒီကို ရောက်လာရခြင်း ဖြစ်ပါတယ်။ ကမ္ဘာလောကဟာ ကျွန်ုပ်တို့ကို ပညာသင်ပေးနေတဲ့ ဆရာတစ်ဆူဖြစ်ပါတယ်။

၂။ စကြဝဠာထဲမှာ ဘယ်အရာကိုမှ မျက်နှာသာပေးစရာမရှိပါ။

၃။ သင့်ဘဝဟာ သင့်ယုံကြည်ချက်ရဲ့ အပြစ်အနာအဆာကင်းမဲ့တဲ့ အကောင်းဆုံးသော ပုံရိပ်တစ်ခုဖြစ်ပါတယ်။

၄။ သင်က လူအများ၊ ငွေကြေးနဲ့ အမျိုးမျိုးသော အဆောင်အယောင်တွေအပေါ် စွဲလမ်းတွယ်ငြိမိတဲ့ အခိုက်အတန့်မှာ တလွဲတချော်တွေ ဆက်တိုက်လုပ်မိနေပါလိမ့်မယ်။

၅။ သင်ကဘဝမှာ ကြီးပွားတိုးတက်အောင်မြင်မှုရဖို့အတွက် ဘယ်အရာတွေအပေါ် အာရုံစိုက်ပါသလဲ။ သင်အာရုံစိုက်တဲ့ အရာက သင့်အတွက် တိုးတက်အောင်မြင်မှုကို ရစေပါလိမ့်မယ်။

၆။ သင့်နှလုံးသားရဲ့ ဦးဆောင်ရာနောက်ကို လိုက်ပါပေးပါ။ သင့်စိတ်ဆန္ဒရှိထားတဲ့အတိုင်း လက်တွေ့အကောင်အထည်ဖော်နိုင်အောင် ကြိုးစားပါ။

၇။ ဘုရားသခင်က ကောင်းကင်ရဲ့ တိမ်တွေကြားထဲကနေ အောက်ကို ဆင်းလာပြီး 'မင်းကို အခုချက်ချင်း အောင်မြင်ခွင့်ပြုလိုက် ပြီ၊ မင်းအောင်မြင်ချင်တဲ့အတိုင်း အောင်မြင်ပေတော့' လို့ ဘယ်တော့မှ ပြောမှာမဟုတ်ပါဘူး။

၈။ သင်က ဘဝကို တိုက်ခိုက်တဲ့အခါ ဘဝကသာ အစဉ်အမြဲ အနိုင်ရမှာ ဖြစ်ပါတယ်။

၉။ သင်က လူအများကို ဘယ်လိုချစ်နိုင်ပါသလဲ။ သင့်အနေနဲ့ လူအများကို ချစ်နိုင်တာထက် လူအများအပေါ် လက်ခံနိုင်စွမ်းရှိဖို့က ပိုပြီးလိုအပ်ပါတယ်။

၁၀။ ဘဝရှင်သန်နေချိန်အတွင်း ကျွန်ုပ်တို့ရဲ့ အထူးတာဝန်ကကမ္ဘာလောကကို အပြောင်းအလဲလုပ်ဖို့ မဟုတ်ပါဘူး။ ကျွန်ုပ်တို့ရဲ့ အထူးတာဝန်က ကျွန်ုပ်တို့ကိုယ်ကို ပြောင်းလဲဖို့သာ ဖြစ်ပါတယ်။

❑



၁

သင်ခန်းစာတွေကို သင်ယူဖို့ ကျွန်ုပ်တို့ ဒီကို ရောက်လာရခြင်း ဖြစ်ပါတယ်

ကမ္ဘာလောကဟာ ကျွန်ုပ်တို့ကို ပညာသင်ပေးနေတဲ့ ဆရာတစ်ဆူ ဖြစ်ပါတယ်။ သင်ခန်းစာတစ်ခုကို သင်ယူဖို့ ပျက်ကွက်ခဲ့ရင် အဲဒီလွတ်သွားတဲ့ သင်ခန်းစာတွေကို ကျွန်ုပ်တို့ အကြိမ်ကြိမ် ထပ်တလဲလဲ ပြန်လည်သင်ယူရပါလိမ့်မယ်။ ကျွန်ုပ်တို့ သင်ခန်းစာတွေကို တစ်ကြိမ်လေ့လာသင်ယူပြီးတိုင်း နောက်ထပ်သင်ခန်းစာသစ်တစ်ခုကို ဆက်လက်သင်ကြားရမှာ ဖြစ်ပါတယ်။

(ကျွန်ုပ်တို့ဆီမှာ လေ့လာသင်ကြားရမယ့် သင်ခန်းစာတွေ ပြီးပြတ် ကုန်ဆုံးသွားတယ်ရယ်လို့ ဘယ်တော့မှ မရှိပါဘူး)



ကျွန်ုပ်တို့ ဘာကြောင့် ဘေးဒုက္ခအန္တရာယ်တွေ လိုအပ်ပါသလဲ

တစ်စုံတစ်ရာက သင့်ရှေ့တည့်တည့်မှာ ဘွားဘွားကြီး ထင်းခနဲ ရှိနေနိုင်ပါတယ်။ (သို့) တစ်စုံတစ်ရာက သင့်ကို ပြူးပြဲပြီး ငေးစိုက်ကြည့်နေပေမဲ့ သင်က မမြင်နိုင်ဘူးဖြစ်နေတတ်တယ်။

ကျွန်တော် ၁၀ နှစ်သားအရွယ်တုန်းက ကြီးမားတဲ့ ဆုလာဘ်တစ်ခုလိုပိုင်ဆိုင်ခဲ့တဲ့အရာကတော့ ဘောလုံးပါပဲ။ ကျွန်တော် ကစားရင်လည်း ဘောလုံးနဲ့၊ အိပ်ရင်လည်း ဘောလုံးနဲ့အတူ ရှိနေတတ်ပြီး ကျွန်တော်က ဘောလုံးကို အပတ်စဉ်တိုင်း ပြောင်လက်နေအောင် ပွတ်တိုက်သန့်စင်ထားတတ်ပါတယ်။ ကျွန်တော်က စီးတဲ့ ရှူးဖိနပ်ကိုသာ တိုက်ဖို့မေ့နေတတ်ပြီး ဘောလုံးကိစ္စနဲ့ပတ်သက်ရင်တော့ ဦးစားပေးတတ်လေ့ရှိပါတယ်။ ကျွန်တော်က ဘောလုံးနဲ့ ထိတွေ့ရင်းနှီးနေကျဆိုတော့ ဘောလုံးအကြောင်းကို လူတကာတွေထက် ပိုပြီးသိလာခဲ့ပါတယ်။

တစ်ခုသော နေ့လယ်ခင်းမှာ ကျွန်တော်ကေ လမ်းထဲမှာ ကစားနေတုန်း ကျွန်တော့်ရဲ့တန်ဖိုးရှိတဲ့ ဘောလုံးက ပျောက်သွားခဲ့ပါတယ်။ ကျွန်တော် နေရာအနှံ့ကို လိုက်ရှာကြည့်တယ်။ တစ်ယောက်ယောက်က ကျွန်တော့်ရဲ့ဘောလုံးကို ခိုးယူသွားပြီလို့ စဉ်းစားမိလိုက်တယ်။ တကယ်တော့ ကျွန်တော့်ဘောလုံးကို အမျိုးသမီးကြီးတစ်ယောက်က သူမရဲ့ဂျာကင်အင်္ကျီအောက်ထဲ ထည့်လိုက်တာဖြစ်မယ်လို့ ကျွန်တော် သတိထားမိလိုက်တယ်။ ဘာကြောင့်ဆိုတော့ အဲဒီအမျိုးသမီးကြီးရဲ့ အင်္ကျီရှေ့ပိုင်း ဗိုက်နေရာက စူထွက်နေတာကို ကျွန်တော် တွေ့လိုက်ရလို့ပါ။ ဒီတော့ ကျွန်တော်က အဲဒီအမျိုးသမီးကြီးဆီကို သွားပြီး အခုလိုမေးလိုက်တယ်။ "ကျွန်တော့် ဘောလုံးက အန်တီအင်္ကျီမှာ သွားကပ်နေတာများလား"

အန်တီကြီးက သူမရဲ့ အင်္ကျီကို လှန်ပြတော့ ကျွန်တော့်ဘောလုံး

ရှိမနေဘဲ မကြာခင်မွေးဖွားတော့မယ့် ကလေးရှိနေတာကြောင့် စူထွက်နေတဲ့ ဗိုက်ကိုသာ တွေ့လိုက်ရပါတယ်။ တကယ်တော့ အန်တီကြီးက ကိုယ်ဝန်ဆောင်နေလို့ ဗိုက်ပူနေတာလေ။ အဲဒီနေ့မွန်းလွဲပိုင်းမှာ မွေးကင်းစ ကလေးငယ်တွေအဖြစ် မမွေးဖွားခင် ဗိုက်ထဲမှာ နေရတာပါလား၊ ကလေးအားလုံးက ဗိုက်ထဲကနေလာတာပါလားလို့ ကျွန်တော် နားလည်ခဲ့ရပါတယ်။ ကျွန်တော်က ကိုယ်ဝန် ၉ လ ရှိနေတဲ့ အန်တီကြီးကို ကျွန်တော့် ဘောလုံးယူထားတယ်လို့ ထင်ခဲ့တာဟာ တွေးကြည့်ရင် တော်တော်လေး ရယ်စရာကောင်းလှပါတယ်။ အဲဒီနေ့ တစ်နေကုန်ခါနီးရောက်မှပဲ ကျွန်တော့် ဘောလုံးကို ပြန်တွေ့ပါတော့တယ်။ ကျွန်တော့်အနေနဲ့ ၉ လ လွယ် ၁၀ လဖွားရတဲ့ ကိုယ်ဝန်ဆောင်တွေကို အသက် ၁၀ နှစ်သား ရောက်မှသာ အသေအချာမြင်ဖူး၊ နားလည်ခွင့်ရခဲ့ပါတယ်။

လိုရင်းတိုရှင်းအဓိပ္ပာယ်

ကျွန်ုပ်တို့ သတင်းအချက်အလက်အသစ်တွေကို ရယူဖို့ အဆင်သင့်ဖြစ်ပြီဆိုရင် ကျွန်ုပ်တို့ရဲ့ ဝန်းကျင်မှာရှိနေ၊ တွေ့နေရတဲ့ အရာရာကို သတိထားလေ့လာဖို့လိုပါတယ်။ ကျွန်ုပ်တို့ သေချာစွာ ဂရုမစိုက်နိုင်ခဲ့ရင် တစ်စုံတစ်ရာက ကျွန်ုပ်တို့ ရှေ့တည့်တည့်မှာ ထင်းထင်းဘွားဘွားကြီး ပေါ်နေတာကိုတောင် မတွေ့မမြင်နိုင်ဘဲ ရှိတတ်ပါတယ်။

ကျွန်ုပ်တို့အတွက် ဘေးအန္တရာယ်တွေ ဘာကြောင့်လိုအပ်ပါသလဲ

ကျွန်ုပ်တို့ လူသားတွေရဲ့ သဘာဝအရ ကျွန်ုပ်တို့ လုပ်ချင်တဲ့ အလုပ်ဘယ်အရာကိုမဆို ဆက်လက်လုပ်နေတတ်ကြပြီး ထိခိုက်အန္တရာယ်ရှိလာ၊ တွေ့ကြုံလာမှသာ ရပ်တန်းက ရပ်တတ်ကြပါတယ်။ ကျွန်ုပ်တို့ ကျန်းမာရေးကောင်းနေစဉ်အတွင်း ကျန်းမာရေးနှင့်ပတ်သက်ပြီး သတိပြုလေ့လာလိုက်စားခြင်းတွေ မရှိတတ်ပေမဲ့ ကျန်းမာရေး ဖောက်လာတဲ့အချိန်မှာတော့ အနေအထိုင် အစားအသောက်ကစ အစစအရာရာကို သတိထားတတ်လာပါလိမ့်မယ်။ အချို့သော လူတွေက ကျန်းမာရေးချို့တဲ့ခြင်းကနေ ကင်းဝေးစေဖို့အတွက် ဓာတ်စာစားခြင်း၊ လမ်းလျှောက်ခြင်း၊ ကျန်းမာရေး လေ့ကျင့်ခန်း ပုံမှန်လုပ်ခြင်းတွေနဲ့ ကျန်းမာအောင် နေတတ်ကြပါတယ်။

ကျွန်ုပ်တို့ ခန္ဓာကိုယ်ရဲ့ ကျန်းမာရေးဖောက်ပြန်တာနဲ့ သက်ဆိုင်ရာ ဆရာဝန်တွေက ကျွန်ုပ်တို့ရဲ့ ဘဝနေထိုင်မှုပုံစံတွေကို ပြောင်းလဲပေးဖို့ အကြံပြုပါလိမ့်မယ်။ တကယ်လို့ သင်က ဘဝနေထိုင်မှုပုံစံကို ပြောင်းလဲနိုင်စွမ်းမရှိခဲ့ရင်တော့ ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့အထိ အခြေအနေတွေ ပြောင်းလဲသွားတတ်ပါတယ်။ ဆက်ဆံရေးနယ်ပယ်ကို လေ့လာတဲ့အခါမှာလည်း မိတ်ဆွေအပေါင်းအသင်း ဆက်ဆံရေးဖြစ်ဖြစ်၊ ဇနီးခင်ပွန်း ဆက်ဆံရေးဖြစ်ဖြစ် အဆင်ပြေချောမွေ့ပြီး အဖုအထစ်မရှိရအောင် (သို့) တာရှည်ခိုင်မြဲတဲ့ အိမ်ထောင်စုတစ်ခုတည်ဆောက်နိုင်အောင် ထောက်ပံ့မှုကောင်းတွေရှိထားရမှာ ဖြစ်ပါတယ်။ အများအားဖြင့် အိမ်ထောင်ရေးပြိုကွဲချိန်၊ မိသားစုအတွင်း တစ်ဦးနှင့်တစ်ဦး တကွဲတပြားဖြစ်သွားချိန်တွေမှာ မိသားစုအသိုက်အဝန်းရဲ့ တန်ဖိုးကို ပိုမိုနားလည်တတ်ပါလိမ့်မယ်။

ကျောင်းပညာသင်ကြားနေစဉ် အချိန်အတွင်း အမှတ်ကောင်းကောင်းဖြင့် အောင်မြင်နိုင်ဖို့ ကြိုးစားကျက်မှတ်လေ့လာရသလို စီးပွားရေးလောကထဲမှာ ကျင်လည်နေရချိန်တွေမှာလည်း မှန်ကန်တဲ့စဉ်းစားဆုံးဖြတ်ချက်တွေနဲ့ ခိုင်မာတဲ့ရည်မှန်းချက်တွေ ရှိနေဖို့ အရေးတကြီး လိုအပ်ပါတယ်။ စီးပွားရေးလောကမှာ အောင်မြင်မှုတွေရရှိဖို့ တင်နေတဲ့ ကြွေးမြီတွေကို ဘယ်လို ကျေလည်အောင် ဆပ်ရမယ်၊ လုပ်ငန်းအစီအစဉ်တွေကို ဘယ်လို ရေးဆွဲရမယ်ဆိုတာကို ကြိုတင်သိထားဖို့လိုပါတယ်။ ကျွန်ုပ်တို့ရဲ့ဘဝကို စိတ်ကူးအိပ်မက်ရှိထားတဲ့အတိုင်း အမှန်တကယ် ရုပ်လုံးပေါ်အောင် ပုံဖော်ထုဆစ်နိုင်သော်လည်း မှန်ကန်တဲ့ လုပ်နည်းလုပ်ဟန်တွေကို ထိရောက်စွာ အသုံးချနိုင်ဖို့လိုပါတယ်။ ကျွန်ုပ်တို့ဘဝအတွက် အကောင်းဆုံးတွေကို လက်ခံရယူနိုင်မယ့် သီအိုရီတွေက များစွာရှိနေသော်လည်း သေချာတဲ့ လက်တွေ့အသုံးချနိုင်စွမ်းတွေ မရှိခဲ့ရင် (သို့) သီအိုရီတွေကို တန်ဖိုးမထားတတ်ရင် သင်ခန်းစာအမှန်တကယ် ရရှိတယ်လို့ မဆိုနိုင်ပါဘူး။ ဘယ်သူမဆို လက်တွေ့မှာ ဒုက္ခအကြီးအကျယ် ရောက်ဖူးတာနဲ့ သင်ခန်းစာကောင်းကောင်းရသွားတတ်ကြပါတယ်။ တွေ့ကြုံရတဲ့ဒုက္ခနဲ့ ကျရှုံးခြင်းကြောင့် ရလာမယ့် ဆိုးကျိုးတွေအပေါ် သင်ခန်းစာကောင်းကောင်း ယူတတ်တဲ့အခါ အဲဒီသင်ခန်းစာတွေက အောင်မြင်မှုရရှိအောင်အထိ ပြင်းထန်စွာ တွန်းအားပေးတတ်ပါတယ်။

သင့်ဘဝအတွက် အရေးပါတဲ့ ဆုံးဖြတ်ချက်တွေကို ဘယ်အချိန်မှာချမလဲ

ဘေးအန္တရာယ်နဲ့ကြုံတွေ့တော့မှ ဒူးထောက်လက်မြှောက် အရှုံးပေးမှာလား၊ 'ငါအောင်မြင်ဖို့အတွက် တစ်ခုခုလုပ်ရလိမ့်မယ်' လို့ ဆုံးဖြတ်ချက်ချမှာလား။ အထက်ပါ မေးခွန်းတွေကို ဖြေဆိုနိုင်ဖို့အတွက် ကျွန်ုပ်တို့ဘဝမှာ လေ့လာသင်ယူထားသမျှတွေကို ပိုပြီး ကျေညက်အောင်နဲ့ လက်တွေ့အသုံးချနိုင်အောင် ကြိုးစားရပါလိမ့်မယ်။ ဘေးဒုက္ခနဲ့ ကြုံတွေ့ရတဲ့အခါမှ သင်ခန်းစာကောင်းကောင်းရတတ်တာ မှန်သော်လည်း မသေချာသေးတဲ့ ဘေးဒုက္ခနဲ့ ကျရှုံးမှုတွေကို မျှော်လင့်နေမှာလား။

ဒါမှမဟုတ် အဲဒီအစား ကြိုတင်ပြင်ဆင်မှုတွေလုပ်ပြီး အကောင်းဆုံး

ဘဝတည်ဆောက်နိုင်ဖို့ ကြိုးစားမှာလားလို့ မေးရင် သင်ဘယ်လိုဖြေမှာလဲ။ အကောင်းဆုံးကတော့ ဘေးဒုက္ခအန္တရာယ်တွေ မကြုံတွေ့ခင်၊ ကျရှုံးမှုတွေနဲ့ ရင်မဆိုင်ရခင် လုပ်သင့်လုပ်ထိုက်တာကို ကြိုတင်လုပ်ပြီး အကောင်းဆုံးပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။ သို့သော်လည်း ရုတ်တရက် ကျရောက်လာတတ်တဲ့ ဘေးအန္တရာယ်တစ်ခုနဲ့ ကြုံရတိုင်း အရေးပါတဲ့ ပြောင်းလဲမှုတွေ ဖြစ်လာတော့မယ့် အခြေအနေကိုတော့ မျက်ခြည်မပြတ် စောင့်ကြည့် သတိထားသင့်ပါတယ်။ အရာရာကို ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်တတ်တဲ့ လူတွေဟာ ဘယ်သောအခါမှ ပြဿနာတွေနဲ့ ဖြစ်လာနိုင်မယ့် အခြေခံအကြောင်းတရားတွေကို ရှောင်ဖယ်တတ်ခြင်း မရှိကြပါဘူး။ အရာရာထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်တတ်တဲ့ လူတွေက သူတို့ကိုယ်သူတို့ အခုလို မေးခွန်းထုတ်တတ်ကြပါတယ်။

- 'ငါစဉ်းစားနေတဲ့ အရာတွေနဲ့ ငါလုပ်နေတဲ့ အလုပ်တွေကို အကောင်းဆုံးဖြစ်လာအောင် ဘယ်လိုပြောင်းလဲပေးဖို့ လိုပါသလဲ'
- 'အခုလက်ရှိ အနေအထားထက် ပိုပြီးကောင်းသွားအောင် ဘယ်လိုပြောင်းလဲရင် ဖြစ်နိုင်မလဲ'

အရာရာကို ထိရောက်စွာ လုပ်ကိုင်နိုင်စွမ်းမရှိတဲ့လူတွေ (သို့) ကျရှုံးမှု၊ ဆုံးရှုံးမှုတွေဆီ ဦးတည်နေတဲ့သူတွေကတော့ ပြဿနာတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတိုင်း ဖြေရှင်းနိုင်စွမ်းမရှိဘဲ တိုးတက်ရာ တိုးတက်ကြောင်း ဖြစ်စေမယ့် နိမိတ်လက္ခဏာ

တွေကို အသိအမှတ်မပြုဘဲ မျက်ကွယ်ပြုတတ်ကြပါတယ်။ အရာရာထိရောက်စွာ ဆောင်ရွက်နိုင်စွမ်းမရှိတဲ့သူတွေဟာ ကျရှုံးမှု၊ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတိုင်း "ဘာကြောင့်မကောင်းတဲ့ ကိစ္စတိုင်းက ငါ့ဆီမှာပဲ ဖြစ်နေရတာလဲဆိုတဲ့ လွဲမှားပြစ်တင်တဲ့ မေးခွန်းမျိုးကို မေးတတ်ကြပါတယ်။

ကျွန်ုပ်တို့မှာ ကိုယ်စီရှိထားတဲ့ အမှုအကျင့်၊ ဓလေ့စရိုက်နဲ့ အစွဲတွေကြောင့် ကျွန်ုပ်တို့ လုပ်လက်စ အလုပ်တွေကို ဆက်လက်လုပ်နေတတ်ကြပြီး မဖြစ်မနေ ပြောင်းလဲပေးဖို့ အခြေအနေကို ရောက်မှသာ ပြောင်းလဲတတ်ကြပါတယ်။ "မာရီ" ကို သူမရဲ့ ယောကျ်ားကလေး သူငယ်ချင်း "အယ်လ်" က စွန့်ပစ်သွားခဲ့တယ်။ ဒါကို သူမက ဝမ်းနည်းပြီး အိပ်ခန်းထဲမှာ တစ်ပတ်လောက်ကြာတဲ့အထိ အပြင်မထွက်ဘဲ အောင်းနေခဲ့တယ်။ နောက်တော့ မာရီက သူမရဲ့ သူငယ်ချင်းဟောင်းတွေကိုရော သူငယ်ချင်းသစ်တွေကိုပါ ပေါင်းသင်းပြီး စိတ်ပျော်ရွှင်အောင်နေထိုင်ခဲ့တယ်။

အဲဒီနောက်ပိုင်း မကြာခင်မှာပဲ မာရီက အိမ်ပြောင်းသွားပြီး အလုပ်ကိုပါ ပြောင်းလုပ်လိုက်တယ်။ ၆ လတာ ကာလအတွင်းမှာ မာရီ စိတ်ပျော်ရွှင်စွာနဲ့ ပြောင်းလဲလာခဲ့တယ်။ မာရီက အရင်ကထက် သူမရဲ့ ဘဝရှင်သန်ရပ်တည်မှုပုံစံက ပိုမိုရင့်ကျက်လာခဲ့တယ်။ သူမကိုယ်သူမ အရင်ကထက် ယုံကြည်မှုတွေရှိလာခဲ့ပါပြီ။ သူမရဲ့ ဘဝမှာ ချစ်ခင်တွယ်တာခဲ့ရတဲ့ သူက သူမကို စိတ်လေလွင့်တဲ့အထိ များစွာဒုက္ခပေးခဲ့ပေမဲ့ သူမကိုယ်တိုင်က သင်ခန်းစာကောင်းတစ်ခုအဖြစ် သဘောထားနိုင်ခဲ့တာကြောင့် တဖြည်းဖြည်းနဲ့ ရင့်ကျက်မှုတွေက စိတ်ဒဏ်ရာများစွာကို ကင်းပျောက်စေခဲ့ပါတယ်။ မာရီဘဝမှာ 'အယ်လ်' ဆိုတဲ့ ချစ်ခင်တွယ်တာရသူကို ဆုံးရှုံးလိုက်ရတာဟာ အရှုံးမဖြစ်စေဘဲ သူမအတွက် ကောင်းခြင်းအမျိုးမျိုး ရရှိစေတဲ့ အခြေခံ အကြောင်းအရင်းတစ်ရပ် ဖြစ်စေခဲ့ပါတယ်။

'ဖရက်ဒ်' ကတော့ အလုပ်တစ်ခုကိုတောင် ရအောင်မရှာနိုင်တဲ့သူပါ။ သူက စီးပွားရေးလုပ်ငန်းလေးတစ်ခုလုံးကို စတင်လုပ်ကိုင်ကြည့်တယ်။ အစပထမမှာ သူဟာ သူ့ဘဝကို စီစဉ်ညွှန်ကြားပေးမယ့် ဘော့စ်တစ်ယောက်အဖြစ် (ကိုယ့်ဘဝကိုယ် ကိုယ်တိုင်စီမံတဲ့သူအဖြစ်) ရပ်တည်ခဲ့ပါတယ်။

ဒီအခါ ကိုယ်ကပဲ ဘော့စ်၊ ကိုယ်ကပဲ အလုပ်သမားဖြစ်နေတော့ ကိုယ် အမှန်တကယ်ဖြစ်လိုတဲ့ အရာတွေကို ဖြစ်အောင်လုပ်ဖို့ကြံစည်ကြိုးစားနိုင်ခဲ့ပါတယ်။ ထိခိုက်နာကျင်စရာတွေ စီးရီးအလိုက်ရှိနေတာကို ဘဝလို့ သတ်မှတ်ပါသလား။ စကြဝဠာကြီးက ကျွန်ုပ်တို့ကို တံတောင်နဲ့ ညင်သာစွာ တို့ထိပြီး ထူးခြားဖြစ်စဉ်နဲ့ ပြောင်းလဲမှုတွေအတွက် အစဉ်အမြဲ သတိပေးလျက်ရှိပါတယ်။ စကြဝဠာရဲ့ သတိပေးချက်တွေကို ကျွန်ုပ်တို့က သတိမမူခဲ့ရင် (သို့) မျက်ကွယ်ပြုထားခဲ့ရင် စကြဝဠာရဲ့ ညင်သာတဲ့ တံတောင်တွက်ချက်က ကျွန်ုပ်တို့အတွက် ကြီးမားတဲ့ တူကြီးနဲ့ အထုခံရတဲ့ သဘော အဓိပ္ပာယ် သက်ရောက်ပါလိမ့်မယ်။ အကယ်၍ စကြဝဠာရဲ့ ညင်သာစွာ သတိပေးမှုကို ကျွန်ုပ်တို့က ခုခံဆန့်ကျင်ခဲ့ရင်လည်း ပိုမို အထိနာဖွယ်ရာ ရှိနေပါလိမ့်မယ်။

သင်ခန်းစာများ

အချို့သောကိစ္စတွေဟာ ကျွန်ုပ်တို့ နားလည်ထားနိုင်စွမ်းတွေကို ကျော်လွန်လျက်ရှိနေပါတယ်။ ကလေးတစ်ယောက်က အေအိုင်ဒီအက်စ်ရောဂါနဲ့ မွေးဖွားလာတဲ့အခါ၊ ငယ်ရွယ်တဲ့မိခင်တစ်ယောက်က သေနတ်နဲ့ ပစ်ချခံရတဲ့အခါ၊ ရွာတစ်ရွာလုံး ရေလွှမ်းမိုးခြင်းခံရတဲ့အခါ ကျွန်ုပ်တို့က "ဘာကြောင့်လဲ" လို့ မေးခွန်းထုတ်ကြပါလိမ့်မယ်။ ကျွန်ုပ်တို့က မေးခွန်းတိုင်းကို အဖြေမပေးနိုင်ပေမဲ့ သဲလွန်စအချို့ကိုတော့ ရှာတွေ့နိုင်ပါတယ်။ သေချာတဲ့ လူတွေဆီမှာ သေချာတဲ့ အဖြစ်အပျက်တွေ ဖြစ်ပေါ်တတ်တဲ့ သဘောကို သင်သတိထားမိပါသလား။

လူးဝစ္စက ၆ လတစ်ကြိမ် အလုပ်ထုတ်ခံရတယ်။ ဖရန့်ကတော့ နှစ်စဉ်နှစ်တိုင်း တရားစွဲခံရတယ်။ 'ဂျင်မ်' ကတော့ အားလပ်ရက်ခရီးသွားရင်း အစာအဆိပ်သင့်ခံရတယ်။ သေချာတဲ့ ကိစ္စတွေက သေချာတဲ့ လူတွေဆီမှာ ဖြစ်ပျက်ပုံမရပါဘူး။ ဂျင်မ်က ဘယ်သောအခါမှ အလုပ်မပြုတ်ပါဘူး။ လူးဝစ္စကလည်း ဘယ်တော့မှ တရားစွဲခံရတာ တရားရုံးကို ရောက်တာမရှိပါဘူး။ ဖရန့်ကလည်း ဘယ်ဆေးရုံကိုမှ ပို့စ်ကတ်တွေ မပို့ပါဘူး။

သီးခြားဖြစ်တဲ့လူတွေက သီးခြားလေ့ကျင့်ခန်းတွေကို ရရှိကြပါတယ်။ ကျွန်ုပ်တို့အနေနဲ့ အဆိုပါအခြေအနေတွေကို အောက်ပါနည်းလမ်း ၃ ရပ်ထဲက တစ်နည်းနည်းနဲ့ တုံ့ပြန်ဖြေရှင်းပေးနိုင်ပါတယ်။

- ကျွန်တော့် ဘဝဟာ ကျွန်တော်လိုအပ်နေတဲ့ သင်ခန်းစာစီးရီး တစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဘဝသင်ခန်းစာတွေက အပြစ်အနာအဆာမရှိဘဲ အစီအစဉ်တကျဖြစ်နေတဲ့ အဖြစ်အပျက်တွေသာဖြစ်ပါတယ်။
  (အားကောင်းတဲ့ ချဉ်းကပ်ဖြေရှင်းမှုတစ်ခုဖြစ်ပြီး စိတ်ရဲ့ငြိမ်းချမ်းမှု အမြင့်မားဆုံးအတွက် အာမခံချက်ပေးနိုင်သော ဖြေရှင်းမှုဖြစ်ပါတယ်)
- ဘဝဆိုတာ ထီထိုးရတာမျိုးနဲ့ ဆင်တူပါတယ်။ သို့သော်လည်း ဘာပဲဖြစ်ဖြစ် ကျွန်တော်က အဆင်ပြေဆုံးဖြစ်မယ့် အရာတွေကို ကြိုးစားရပါလိမ့်မယ်။
  (အကောင်းဆုံးသော ရွေးချယ်မှုတစ်ခုဖြစ်ပါတယ်။ ဘဝရဲ့ အရည်အသွေးကောင်းတွေကို ကမ်းလှမ်းပါ)
- ဘာကြောင့် မကောင်းတဲ့အရာတွေက ကျွန်ုပ်ကိုမှ ရွေးပြီးလာဖြစ်နေရတာလဲ။
  (အမြင့်မားဆုံးသော စိတ်ဆင်းရဲစရာ စိတ်ရှုပ်စရာတွေ ကြိမ်းသေဖြစ်လာနိုင်သော အခြေအနေဖြစ်ပါတယ်)

ကျွန်ုပ်တို့က သင်ခန်းစာတွေကို မသင်ယူခဲ့ရင် သင်ခန်းစာတွေရဲ့ စိုးမိုးခြယ်လှယ် ခေါ်ဆောင်ရာကို အစဉ်အမြဲ လိုက်ပါနေရမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ ရင်ဆိုင်ကြုံတွေ့ရတဲ့ အခြေအနေတွေအပေါ် ကျွန်ုပ်တို့က ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ ဘဝသင်ခန်းစာတွေအဖြစ် ကျေနပ်စွာ လက်ခံရမှာဖြစ်ပါတယ်။ တကယ်တော့ သင့်ဘဝမှာ အခြေအနေအဖြစ်အပျက်တွေက သင့်ကိုလွှမ်းမိုးချုပ်ကိုင် စိုးမိုးထားခြင်းမရှိရလေအောင် အကောင်းဆုံးဖြေရှင်း၊ တုံ့ပြန်မှုတွေရှိထားဖို့ လိုအပ်ပါတယ်။

သင့်နေနဲ့ ကြုံတွေ့ရတဲ့ အခြေအနေအဖြစ်အပျက်တွေကို အကောင်း

ဆုံးဖြေရှင်းနိုင်တဲ့အခါ သင်က တာဝန်ယူနိုင်စွမ်းရှိသူတစ်ဦးအဖြစ် ရပ်တည်နိုင်မှာဖြစ်ပြီး သင်က မဖြေရှင်းနိုင်ခဲ့ရင်တော့ သင်က အခြေအနေ အဖြစ်အပျက်တွေရဲ့ သားကောင်ဖြစ်သွားပါလိမ့်မယ်။

သင်က ရက်သတ္တတစ်ပတ်မှာ ၇ ရက်လောက် စိတ်ဆင်းရဲစရာတွေနဲ့ ကြုံတွေ့ရတဲ့အခါ သင်က သင်ခန်းစာတွေကို လွတ်သွားခဲ့သူ၊ အခြေအနေ အဖြစ်အပျက်တွေကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းမရှိသူတစ်ယောက်လို့ သေချာစွာ ခံယူရပါလိမ့်မယ်။ ကျွန်ုပ်တို့ အမြဲတမ်းလိုလို ပြောနိုင်တဲ့ အဆိုးရွားဆုံးသော စကားကတော့ 'ဒါမတရားဘူး' 'တရားမျှတမှုမရှိဘူး' ပဲဖြစ်ပါတယ်။

လိုရင်းတိုရှင်း အမိပ္ပာယ်

ကျွန်ုပ်တို့ အပြစ်ပေးခံရဖို့အတွက် ဒီနေရာကို ရောက်လာကြတာ မဟုတ်ပါဘူး။ ကျွန်ုပ်တို့အားလုံး ပညာသင်ယူဖို့ (သင်ခန်းစာရယူဖို့အတွက်) ဒီကို ရောက်လာကြတာဖြစ်ပါတယ်။ အဖြစ်အပျက်တိုင်းမှာ ကျွန်ုပ်တို့ကို အသွင်ပြောင်းလဲပေးနိုင်တဲ့ ဖြစ်နိုင်ခြေအားအကောင်းဆုံး အဖြစ်အပျက်တွေပါ ရှိနေပြီးဖြစ်ပါတယ်။ နောက်ပြီး ဘေးဒုက္ခအန္တရာယ်တွေထဲမှာ ကျွန်ုပ်တို့ရဲ့ စဉ်းစားတွေးခေါ်မှုတွေကို ပြောင်းလဲပေးနိုင်ခြေရှိတဲ့ အခြေအနေ၊ အခွင့်အရေးတွေပါရှိနေပြီးဖြစ်ပါတယ်။

သင့်အနေနဲ့ အခြေအနေအဖြစ်အပျက်တိုင်းမှာ ရည်ရွယ်ချက်တစ်ခုစီပါရှိနေပြီးဖြစ်တယ်လို့ သဘောထားပါ။ နောက်ပြီး သင့်ဘဝမှာ ရည်မှန်းချက်တွေကို ဖြည့်စွမ်းဖို့လိုတယ်လို့ ရှုမြင်လက်ခံပေးပါ။ သင်က ဘာကြောင့် အတွေ့အကြုံလိုအပ်သည်ကို စဉ်းစားပေးပါ။ သင့်မှာ ရှိထားတဲ့ အတွေ့အကြုံတွေကို သင်ခန်းစာအဖြစ် သဘောထားပြီး လေ့လာခြင်း၊ လက်တွေ့အသုံးချခြင်းတွေနဲ့ ဘဝရဲ့ အောင်မြင်မှုကို ရယူပေးပါ။

ကျွန်ပ်က အရာရာကို လုပ်နိုင်ပါတယ်

ကျွန်ုပ်တို့ဟာ ဘဝမှာ တွေ့ကြုံသင်ခန်းစာယူနိုင်တဲ့အရာတွေကို အစဉ်အမြဲ ပေါ့တန်စွာနဲ့ နေ့ရွှေ့ ညရွှေ့ လုပ်တတ်ကြပါတယ်။ ကျွန်ုပ်တို့နဲ့ ကျွန်ုပ်တို့ မိခင်တို့ရဲ့ ဆက်ဆံရေးကို တစ့ေတစောင်း လေ့လာရင် ကျွန်ုပ်တို့ မိခင်က သူမပြောနေကျစကားအတိုင်း **"ကျွန်တော်က ဘာဆို ဘာမှ အသုံးကျစွာ မလုပ်တတ် မကိုင်တတ်ဘူး၊ ဒါပေမဲ့ သူမကို တော့ ကျွန်တော်က ချစ်ရှာပါတယ်"** ဆိုတဲ့ စကားကို မကြာခဏ ပြောတတ်လေ့ရှိပါတယ်။

တကယ်တော့ သင့်အနေနဲ့ အရာရာကို လုပ်တတ်ကိုင်တတ်တဲ့သူ တစ်ယောက်ဖြစ်နေပေမဲ့ **မိခင်ရိုင်းတဲ့ အချို့သော ကိစ္စတွေကို မလုပ်နိုင်တဲ့အခါမှာတော့ ဘာမှမလုပ်မကိုင်တတ်တဲ့ သူတစ်ယောက် ဖြစ်သွားရတတ်ပါတယ်။** မိခင်က သင့်ကို မလုပ်တတ်မကိုင်တတ်သူ တစ်ယောက်အဖြစ် ရှုမြင်တာကို သင်ခံရချိန်မှာ ဒါကို သင်ခန်းစာတစ်ခုအဖြစ် လက်ခံရပါလိမ့်မယ်။

ကျွန်မရဲ့ ခင်ပွန်းဟောင်းက စိတ်အနှောင့်အယှက်ပေးသူဖြစ်ပါတယ်

အိမ်ထောင်ဖက်ကို ကွာရှင်းပြတ်စဲတယ်ဆိုတာဟာ ဇနီးခင်ပွန်းတို့ အကြား ဆက်ဆံရေးအပြီးပြတ် အဆုံးသတ်သွားတဲ့သဘော လုံးဝမဆိုလိုပါဘူး။ အိမ်ထောင်သည်အဖြစ်ကနေ လက်စသတ်သွားခဲ့ပေမဲ့ အိမ်ထောင်တည်ရှိခဲ့စဉ်က ရှိခဲ့တဲ့ နှစ်ဦးနှစ်ဖက်စလုံးနဲ့ ပတ်သက်တဲ့ ပြဿနာ အခြေအနေအရပ်ရပ်ကိုတော့ ရှောင်လွှဲလို့မရနိုင်ပါဘူး။ ဥပမာအနေနဲ့ ကြွေးမြီကိစ္စတွေ၊ အပေါင်ကိစ္စတွေကို ဇနီးခင်ပွန်းတို့က အပြန်အလှန် အပြစ်ဖို့နေရုံနဲ့ မပြီးပြတ်ဘဲ မိမိတို့နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ပြဿနာတွေကို ကိုယ်တိုင် တာဝန်ယူဖြေရှင်းနိုင်ဖို့ လိုပါတယ်။

ဒါကြောင့် အိမ်ထောင်ရှင်ဇနီးခင်ပွန်းတို့ရဲ့ ဆက်ဆံရေး အဆုံးသတ်ချင်တဲ့အခါ နှစ်ဦးကြားမှာ ရှိနေတဲ့ ဆက်စပ်မှုရှိတဲ့ ပြဿနာတွေကိုလည်း အပြီးသတ်ဖြေရှင်း အဆုံးသတ်ရမှာဖြစ်ပါတယ်။ ဒီအခြေအနေကို ကျွန်ုပ်တို့အနေနဲ့ သင်ခန်းစာတစ်ခုအဖြစ် မှတ်ယူသင့်ပါတယ်။ 'ဒီလူက ငမိုက်

သား၊ ငတုံးတစ်ယောက်ပါ၊ ကျွန်တော် ဘာမှမတတ်နိုင်ပါဘူး။ ဒါပေမဲ့ သူ့ကို ခွင့်လွှတ်ပေးရုံပဲရှိတော့တာပေါ့၊' လို့ သင်က ပြောပြမယ်ဆိုရင် တစ်စုံတစ်ယောက်ကို ခွင့်လွှတ်ဖို့ဆိုတာဟာ အခက်ခဲဆုံးသော အရာဖြစ်တယ်လို့ ဦးစွာနားလည်ထားဖို့လိုပါတယ်။

သင့်အနေနဲ့ တစ်စုံတစ်ခုသော ကိစ္စမှာ ကျမ်းကျင်ပိုင်နိုင်မှုမရှိခဲ့ရင် ကျမ်းကျင်ပိုင်နိုင်လာတဲ့အထိ လေ့ကျင့်နိုင်တဲ့ အခွင့်အရေး သင့်မှာရှိနေပြီးသားလို့ နားလည်ထားနိုင်ရပါမယ်။ သင့်အနေနဲ့ အရာရာကို အကောင်းဆုံးဖြစ်အောင် လေ့ကျင့်နိုင်ခွင့် ရှိထားသလို သင်စိတ်မပါသောကြောင့် ချက်ချင်းမလုပ်သေးဘဲ ရွှေ့ဆိုင်းထားနိုင်ခွင့်လည်းရှိထားပြီး ဖြစ်ပါတယ်။ သင့်ဘဝတိုးတက်ကြီးပွားအောင်မြင်ဖို့နဲ့ အချိန်အလကားဖြုန်းတီးပြီး ဘဝကို ရေစုန်မျောဖို့ဆိုတာက အခြားဘယ်သူ့မှာမှ တာဝန်မရှိဘဲ သင့်အပေါ်မှာပဲ တာဝန်ရှိနေ၊ မူတည်နေပါလိမ့်မယ်။ သင့်ဘဝနဲ့ သင့်ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေချင်တယ်ဆိုရင် သင့်ဘက်က ကြိုးစားခွင့်တွေ အတွက် အချိန်ယူပြီး တစ်ချိန်ချိန်ရောက်တာနဲ့ သင်လိုချင်တဲ့ ရလဒ်ကို ရယူနိုင်မှာဖြစ်ပါတယ်။ တစ်စုံတစ်ယောက်က ကျွန်ုပ်တို့ရဲ့ဘဝကို ဖျက်ဆီးနေတယ်လို့ ကိုယ်တိုင်ယုံကြည်မိတဲ့အခါ အဲဒီယုံကြည်မှုက ကျွန်ုပ်တို့ကို အမှန်တရားဘက်ကို ရောက်ရှိအောင်နဲ့ အခြားလူတွေရဲ့ ဖျက်ဆီး ခံရခြင်းကနေ ကင်းလွတ်အောင် ကာကွယ်ပေးနိုင်ပါလိမ့်မယ်။

ကျွန်ုပ်တို့ တစ်ဦးချင်းစီရဲ့ ရွေးချယ်မှုတွေကို လေ့လာဆန်းစစ်တဲ့အခါ ကျွန်ုပ်တို့က အခြားလူတွေအပေါ် အမြင်၊ တွေ့ကြုံရတဲ့အတိုင်း၊ အားနည်းချက်၊ အားသာချက်ဆိုတဲ့ သင်ခန်းစာတွေအတိုင်း ရွေးချယ်ကြတာကို တွေ့ရှိရပါတယ်။

ကျွန်တော့်ရဲ့ ဆရာတစ်ယောက်က ကပ်ဖားတစ်ယောက်ဖြစ်ပါတယ်။
သူကပ်ဖားတာတွေကို ရပ်တန်းက ရပ်သင့်ပါပြီ။
(ဒါဆိုရင် ကျွန်တော့်အတွက် သင်ခန်းစာကဘာလဲ)

သင့်ဆရာ သင့်သူဌေးက ကပ်ဖားတစ်ယောက်ဖြစ်တာ သေချာတယ်လို့ သင်က ဆက်လက်ယုံကြည်လက်ခံနေသေးတယ်ဆိုရင် သူက

(သင့်ဆရာက) ကပ်ပါးတစ်ယောက်ဆက်ဖြစ်နေပါလိမ့်မယ်။

သင့်အနေနဲ့ အကောင်းဆုံး သင်ခန်းစာရယူချင်တယ်ဆိုရင် သင့်ဆရာ၊ ဘော့စ်ရဲ့ကောင်းတဲ့အချက်တွေကို ရှုမြင်နိုင်အောင် ကြိုးစားပြီး အကဲဖြတ် ဝေဖန်ပြစ်တင်ခြင်းကို ရပ်တန်းက ရပ်ပစ်နိုင်ဖို့ လိုအပ်ပါတယ်။ အဲဒီလို ကောင်းတဲ့အချက်တွေကို ရှာဖွေပြီး လေးစားပေးနိုင်တဲ့ စိတ်ရှိရင် သင့်ဆရာ၊ ဘော့စ်မှာရှိနေတဲ့ အားနည်းချက်၊ ချို့ယွင်းချက်တွေကိုတောင် ပြဿနာတစ်ရပ်အဖြစ် မမြင်နိုင်တော့တာကို တွေ့ရပါလိမ့်မယ်။ သင့်ဘက်ကသာ အရာရာကို အကောင်းဘက်က ရှုမြင်နိုင်ပြီဆိုရင် ဘယ်သူနဲ့မဆို ဆက်ဆံရေးပြေလည်ကောင်းမွန်ပြီး တိုးတက်မှုအမျိုးမျိုး၊ အောင်မြင်မှုအမျိုးမျိုးကို ရရှိလာမှာဖြစ်ပါတယ်။

ဒီအခါ သင့်အနေနဲ့ "အရာရာမှာဖြစ်နိုင်ခြေတွေ ထောင်သောင်းမက ရှိနေတယ်" လို့ ခိုင်မာတဲ့ ယုံကြည်ချက်စွဲထင်လာပါလိမ့်မယ်။ သင့်ဘက်က ပြောဆိုဆက်ဆံတဲ့ ပုံစံတွေ ထားရှိတဲ့ စိတ်နေစိတ်ထားတွေကို အကောင်းဆုံး ပြုပြင်နိုင်တာနဲ့ သင်နဲ့ ထိတွေ့ဆက်ဆံရသူအားလုံးဆီက တုံ့ပြန်မှုကောင်းတွေကို ရရှိမှာဖြစ်ပါတယ်။ (သို့) သင့်ကို သင့်ဆရာ၊ အထက်အရာရှိ (ဘော့စ်) က တစ်ဆင့်မြှင့် ရာထူးတိုးပေးပြီး အခြားဌာနတစ်ခုခုသို့ ပြောင်းရွှေ့ပေးနိုင်ပါတယ်။ (သို့) သင်က နောက်ထပ် အလုပ်သစ်တစ်ခုခု ရရှိနိုင်ပါတယ်။ (သို့) သင့်ဆရာ၊ ဘော့စ်က အခြား အခြား အလုပ်တစ်ခုခု ရရှိနိုင်ပါတယ်။ (သို့) သင်က ဘော့စ်အပေါ် နှစ်သက်ကြည်ညိုသွားနိုင်ပါတယ်။ ကျွန်ုပ်တို့အနေနဲ့ မိတ်ဆွေအပေါင်းအသင်းသစ်တွေ မရရှိခင် (သို့) အထက်အရာရှိအသစ်တွေနဲ့ ထိတွေ့ဆက်ဆံခြင်း မရှိသေးခင် သည်းခံစိတ်ထားရှိတတ်ဖို့ အရေးတကြီး လိုအပ်ပါတယ်။

သင်က တစ်စုံတစ်ရာကို အပြောင်းအလဲလုပ်တဲ့အခါ သင့်အခြေအနေတွေက ပြောင်းလဲသွားရပါလိမ့်မယ်။ သင့်အနေနဲ့ ဘယ်အရာတွေက ဘယ်လိုဖြစ်ပျက်တယ်ဆိုတာကို စဉ်းစားနေမယ့်အစား လက်တွေ့ပြောင်းလဲခြင်းရဲ့ အကျိုးရလဒ်ကို ရယူခံစားနိုင်ခြင်းကသာ အကျိုးများမှာဖြစ်ပါတယ်။ သင်က ပြောင်းလဲခြင်းကြောင့် ရရှိလာမယ့် အကျိုးဆက်ကို စိတ်ကူးသက်သက်မျှဖြင့် မျှော်တွေးကြည့်တဲ့အခါ တစ်စုံတစ်ရာစစ်မှန်တဲ့ ရလဒ်

ကို ရရှိမှာ မဟုတ်ဘဲ လက်တွေ့ပြောင်းလဲနိုင်ခြင်းကသာ စစ်မှန်မှုဖြစ်ပါလိမ့်မယ်။

သင်က 'ကျွန်တော်က ဖရက်ဒ်ကို ငတုံးပဲလို့ သိနေဆဲဖြစ်နေပေမဲ့ ကျွန်တော် သူ့ကို သည်းညည်းခံနေရဦးမှာပါ' လို့ ပြောတယ်ဆိုရင် သင့်ဘက်က သည်းညည်းခံစိတ်ထားရှိနိုင်ခြင်းကြောင့် အဓိက အရေးပါတဲ့ ပြောင်းလဲခြင်းကို မလုပ်နိုင်သေးတဲ့ သဘောကို ထင်ရှားစေပါတယ်။

ပြောင်းလဲဖို့ အချိန်ဘယ်လောက်ယူရမလဲ

သင့်ဘက်က ပြောင်းလဲလိုတဲ့ စိတ်ဆန္ဒ ပြောင်းလဲနိုင်စွမ်းရှိတဲ့ အခြေအနေတွေအပေါ် မူတည်ပြီး ပြောင်းလဲဖို့ အချိန်မြန်ခြင်း၊ နှေးခြင်းဖြစ်စေပါတယ်။

ဘာကြောင့် လောလောဆယ်ဒီအလုပ်ကနေ ထွက်ဖို့ မလိုတာလဲ

အခြေအနေ၊ အချိန်အခါနဲ့ အခွင့်အရေးပေးတဲ့အခါ အလွယ်တကူ အပြောင်းအလဲတွေ လုပ်နိုင်တာကြောင့် အလုပ်မှ ထွက်ခြင်းကို ယတိပြတ် မစဉ်းစားသင့်တာကို ရည်ညွှန်းပြောဆိုခြင်းဖြစ်ပါတယ်။

ကျွန်ပ်က မြို့သစ်တစ်ခုကို သွားခဲ့မယ်ဆိုရင် အသစ်တစ်ဖန် ပြန်လည်စတင်မှုတွေကို လုပ်နိုင်ပါတယ်

ဖော်ပြပါ စဉ်းစားတွေးခေါ်မှုကို မှားယွင်းတယ်လို့ ဆိုရပါမယ်။ ထုံးစံအရ သင်လက်ရှိကျင်လည်ကျက်စားနေတဲ့ဟာ သင့်အတွက် ဘယ်အရာကိုမဆို အသစ်စတင်နိုင်တဲ့ အကောင်းဆုံးသော နေရာဖြစ်ပါတယ်။ "ဖရက်ဒ်" က သူ့ကိုယ်သူ ပြောတယ်ဆိုပါတော့၊ 'ငါပြောင်းရွှေ့ဖို့ လိုမလား' ဒါပေမဲ့ ဖရက်ဒ်ဟာ သူပြောတဲ့အတိုင်း ပြောင်းရွှေ့ပြီဆိုတာနဲ့ သူ့ရဲ့စဉ်းစားတွေးခေါ်နိုင်စွမ်းတွေနဲ့ အမူအကျင့်တွေကိုပါ အပြောင်းအလဲ လုပ်ရတော့မှာ ဖြစ်ပါတယ်။ သင်က လက်ဖွာသူ၊ အသုံးအဖြုန်းကြီးသူ တစ်ယောက်ဖြစ်ရုံမကဘဲ 'အာဂျင်တီးနား' ကို သွားရောက်နေထိုင်သူဖြစ်ခဲ့ရင် သင်ဟာ အသုံးအဖြုန်းကြီးသူတစ်ယောက်အနေနဲ့ပဲ ဆက်လက်ရှိ

တည်နေမှာ ဖြစ်ပါတယ်။

"ဖရက်ဒ်" ကို အကောင်းဆုံးသော အကြံပေးချင်တာက "သင့်လိပ်စာကို မပြောင်းခင် သင်စဉ်းစားတွေးခေါ်မှုတွေကို ပြောင်းလဲဖို့ ထည့်သွင်းစဉ်းစားပေးပါ" ဆိုတဲ့ စကားပြောခြင်းပဲ ဖြစ်ပါတယ်။

သင်ခန်းစာတွေက ကမ္ဘာကုန်ကျယ်သရွေ့ ကျွန်ုပ်တို့နောက်ကို လိုက်နေတယ်

"ဂျီလ်" ရဲ့ မိသားစုထဲမှာ "ပိုက်ဆံ" က ဘယ်သူမှ မပြောချင်မတွေးချင်ကြတဲ့ ညစ်ညမ်းတဲ့စကားလုံးတစ်လုံးဖြစ်နေပါတယ်။

ဂျီလ်ရဲ့ မိဘများက ငွေကြေးချို့တဲ့ကြတယ်။ ဒါကြောင့် မိသားစုအတွင်း 'ပိုက်ဆံ' ကိစ္စနဲ့ပဲ ခွန်းကြီးခွန်းငယ် စကားများရတတ်ပါတယ်။ ဂျီလ်က ပိုက်ဆံဆိုတဲ့ ညစ်ညမ်းတဲ့ စကားအသုံးအနှုန်းကို ဆက်လည်းမပြောချင်၊ ဆက်လည်း နားထောင်နိုင်စွမ်းမရှိတော့တာကြောင့် ဘာစီလိုနာမှာ သွားရောက်နေထိုင်ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။ ဒီလိုနဲ့ ဂျီလ်က အိမ်ကထွက်လာခဲ့ပြီး ဘာစီလိုနာကို ရောက်တယ်။ အဲဒီမှာ နေထိုင်ရင်း ပိုက်ဆံအရမ်းချမ်းသာတဲ့ လူတစ်ယောက်နဲ့ လက်ထပ်လိုက်တယ်။ ကံဆိုးတာက အဲဒီပိုက်ဆံရှိပါတယ်ဆိုတဲ့လူက ဂျီလ်ကို ငွေတစ်ပြားတစ်ချပ်မှ ပေးမသုံးဘူးတဲ့လေ။

ဒီအခြေအနေအဖြစ်အပျက်ကို လေ့လာနိုင်ရင် သင်စီးတဲ့ လေယာဉ်ကတခြားသော နေရာဒေသကို ရောက်တာနဲ့ အဲဒီဒေသမှာ သင့်ကို များစွာသော သင်ခန်းစာတွေက ဆီးကြိုနေ

မယ်ဆိုတာကို ကြိုတင်မျှော်လင့်ထားဖို့လိုပါတယ်။

အကယ်၍ ကျွန်တော်က တိဗက်ကိုပဲ သွားမယ်ဆိုရင်
ဘဝအဓိပ္ပာယ်ကို ရှာတွေ့ချင်ရှာတွေ့ နိုင်ပါလိမ့်မယ်

အချို့လူတွေဟာ ခရီးသွားလာခြင်းနဲ့ ပတ်သက်ပြီး ကြီးကျယ်တဲ့ စိတ်ကူးတွေရှိနေတတ်ကြပါတယ်။ 'ဂျင်မ်' က ဟိမဝန္တာတောင်တန်းဒေသကို ခရီးထွက်လာခဲ့တယ်။ သူက တိဗက်ကုန်းမြင့်ကို သွားရောက်ပြီး ဘဝအဓိပ္ပာယ်ကို ရှာဖွေဖို့ ရည်ရွယ်ခဲ့တာပါ။ တကယ်တော့ တိဗက်ဒေသမှာ ရှိနေတဲ့ ဘဝအဓိပ္ပာယ်နဲ့ ဉာဏ်အလင်းရခြင်းဟာ ဒေသခံတိဗက်မှာ နေထိုင်သူတွေအတွက်သာ ဖြစ်တယ်ဆိုတာကို သူ သင်ခန်းစာရခဲ့ပါတယ်။

တကယ်လို့ 'ဂျင်မ်' က တိဗက်ကိုသွားပြီး ဘဝအဓိပ္ပာယ်ကို ရှာချင်တယ်ဆိုရင် တိဗက်ဒေသခံတစ်ယောက်လိုမျိုး အစစအရာရာ အကုန်အစင် ပြောင်းလဲပစ်ရုံမက တိဗက်ဒေသနေ လူတစ်ယောက်လို ကျင့်ကြံပြုမှု အားထုတ်ရမှာဖြစ်ပါတယ်။

ကျွန်ပ်တို့ ကြောက်ရွံ့စိုးရိမ်သော သင်ခန်းစာများ

အကြောက်တရားကို အပြီးသတ်တွန်းလှန်ပစ်နိုင်ဖို့အတွက် တစ်ခုတည်းသော နည်းလမ်းကတော့ အကြောက်တရားကို ထိပ်တိုက်ရင်ဆိုင်နိုင်ခြင်းပဲ ဖြစ်ပါတယ်။

ကျွန်ပ်တို့က အထီးကျန်ခြင်းကို ကြောက်ရွံ့တဲ့အခါ အထီးကျန်ခြင်းရဲ့ ဆွဲဆောင်ခြင်းကို ခံရမှာဖြစ်ပြီး စိတ်ကသိကအောက်ဖြစ်ခြင်းကို ကြောက်ရွံ့တဲ့အခါ စိတ်ကသိကအောက်ဖြစ်စရာတွေက သင့်မျက်နှာပေါ် ကျရောက်မှာဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အရာကိုမှ စိုးရိမ်ကြောက်ရွံ့စရာ မလိုဘဲ ထိပ်တိုက်ရင်ဆိုင်ပြီး သင်ခန်းစာရယူနိုင်ဖို့သာ အဓိကလိုအပ်ပါတယ်။

လိုရင်းတိုရှင်းအဓိပ္ပာယ်

ကျွန်ပ်တို့ တစ်ဦးချင်းစီမှာ အခြေအနေ အဖြစ်အပျက်အမျိုးမျိုး စတင် ဖြစ်ပေါ်လာစေတဲ့ အခြေခံအကြောင်းတရားတွေ ရှိနေပြီးဖြစ်ပါတယ်။ ကျွန်ပ်တို့ရဲ့ စဉ်းစားတွေးခေါ်မှုတွေက အခြေအနေအရပ်ရပ်ကို ဆွဲဆောင်ပြီး ဖန်တီးနိုင်စွမ်းရှိပါတယ်။

ကျွန်ပ်တို့ ပြောင်းလဲတဲ့အခါ အခြေအနေ အဖြစ်အပျက်အသစ်တွေကို ဖြစ်ပေါ်လာစေပြီး သင်ခန်းစာအသစ်တွေကို ရရှိစေပါတယ်။ ကြွေးမြီနဲ့ပတ်သက်ပြီး သင်ခန်းစာတစ်ခုကို ကျွန်ပ်တို့ လေ့လာသင်ယူတဲ့အချိန်အထိ အလားတူသင်ခန်းစာတွေကို စွဲစွဲမြဲမြဲလုပ်ဖို့လိုပါတယ်။

ကျွန်ပ်တို့အနေနဲ့ အနည်းငယ်မျှသော သင်ခန်းစာတွေကိုလည်း အလေးအနက်ထားဖို့လိုပါတယ်။ ကျွန်ပ်တို့ ကျောက်စရစ်ခဲနဲ့ ပစ်ပေါက်ခံရခြင်းအပေါ် အလေးအနက်ထားသင်ခန်းစာယူခြင်း၊ သတိပေးချက်အဖြစ် မှတ်ယူခြင်းမရှိခဲ့ရင် ကျောက်စရစ်ကို ဥပေက္ခာပြုလိုက်တဲ့ အကျိုးဆက်ကြောင့် ကျွန်ပ်တို့အားလုံး အုတ်ခဲနဲ့ပစ်ပေါက်ခံရမယ့် အန္တရာယ်ကို ကြုံတွေ့ကာကွယ်နိုင်တော့မှာ မဟုတ်ပါဘူး။ အလားတူ ကျွန်ပ်တို့က အုတ်ခဲနဲ့ ပစ်ပေါက်ခံရခြင်းအပေါ် သင်ခန်းစာမယူဘဲ ဥပက္ခာပြုခဲ့ရင် ကြီးမားတဲ့ ကျောက်တုံးရဲ့ ဖိနှင်းခံရခြင်းကို လည်း ကြုံတွေ့ရောင်ကြဉ်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်ပ်တို့က ရိုးသားတယ်ဆိုရင် ကျွန်ပ်တို့ ဥပေက္ခာ ပြုနိုင်ခဲ့တဲ့ သတိပေး အချက်ပြ နိမိတ်ပုံတွေကို ထင်ထင်ရှားရှား တွေ့ရမှာဖြစ်ပါတယ်။



ရှင်သန်ခြင်းနှင့် သင်ယူခြင်း

ဘဝဆိုတာ အစဉ်အမြဲ ထိခိုက်နာကျင်နေဖို့မလိုအပ်ပါဘူး၊ သို့သော်လည်း ဘဝတစ်သက်တာမှာ ကျွန်ုပ်တို့ပြောင်းလဲနိုင်တဲ့ အဓိကအကြောင်းအရာကတော့ ထိခိုက်နာကျင်ခြင်းပဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ ထိခိုက်နာကျင်တဲ့အချိန်အထိ ကျွန်ုပ်တို့ ဟန်ဆောင်နိုင်ကြပါတယ်။ ကျွန်ုပ်တို့ရဲ့ အတ္တမာနက အခုလိုပြောပါလိမ့်မယ်။ 'ကျွန်တော်အဆင်ပြေပါတယ်'။ အတ္တမာနဟာ ကျွန်ုပ်တို့ ထိခိုက်နာကျင်နေတဲ့အချိန်မှာတောင် ဟန်ဆောင်ကောင်းတတ်ပါတယ်။ ကျွန်ုပ်တို့ အထီးကျန်နေတဲ့အချိန်၊ ကြောက်ရွံ့ထိတ်လန့်နေတဲ့အချိန်တွေမှာ ကျွန်ုပ်တို့အားလုံး ထိခိုက်လွယ်တဲ့ အခြေအနေကို ရောက်သွားတတ်ကြပါတယ်။ ကျွန်ုပ်တို့ရဲ့ အတ္တမာနမှာ နောက်ထပ်ပွင့်လင်းရိုးရှင်းတဲ့အဖြေ လုံးဝမရှိတော့ပါဘူး။ ထိခိုက်နာကျင်ရခြင်းဟာ မကောင်းတဲ့ ခံစားမှုတွေကို ဖြစ်စေသော်လည်း ထိခိုက်နာကျင်တဲ့ အခါမှသာ ကျွန်ုပ်တို့ အားလုံးက အရာရာအလေးအနက်ထားနိုင်စွမ်းတွေ မြင့်တက်လာတတ်ပါတယ်။

ဘယ်သူမဆို အခြားလူတွေရဲ့ ထိခိုက်နာကျင်မှုတွေကို နားလည်ပေးနိုင်စွမ်းရှိပေမဲ့ ကိုယ်တိုင်ခံစားရခြင်းလောက် အလေးအနက် မထားတတ်ပါဘူး။ တကယ်ထိခိုက်နာကျင်စွာ ခံစားရခြင်းတွေဟာ ကျွန်ုပ်တို့ကို ပြောင်းလဲမှု အမျိုးမျိုးဖြစ်စေတတ်ပါတယ်။ ဒါကြောင့် ပြောင်းလဲခြင်းတွေက သင့်ကို ပိုမိုပြောင်းလဲစေပြီး စိတ်ဓာတ်ခွန်အားတွေကို ပိုမိုသန်မာလာစေပါတယ်။

ဘယ်သူမဆို အဆင်ပြေချောမွေ့စေမယ့် စိန်ခေါ်မှုတွေကို လိုလားတတ်ကြပါတယ်။ သို့သော်လည်း စစ်မှန်တဲ့ စိန်ခေါ်မှုတွေ မှန်ရင်တော့ ဘယ်သောအခါမှ အလွယ်တကူဖြေရှင်းနိုင်ဖို့ မဖြစ်နိုင်ပါဘူး။

ကျွန်တော့်ဘဝမှာ အရည်အသွေးပြည့်ဝတဲ့ လူတွေရှိခဲ့တယ်ဆိုရင်

ကျွန်ုပ်တို့ဘဝကို ကျွန်ုပ်တို့ သေချာစွာလေ့လာကြတဲ့အခါ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကြီးပွားတိုးတက်မှုတွေကို အခုလို ပြောနိုင်ပါလိမ့်မယ်။

"ကျွန်မမှာ ပျင်းရိတဲ့ ခင်ပွန်းသည်နဲ့ စိတ်ရှုပ်စရာကောင်းတဲ့

ကလေးတွေမရှိခဲ့ဘူးဆိုရင် ကျွန်မဘဝက အခုလက်ရှိအချိန်မှာ အရမ်းကို တိုးတက်အောက်မြင်နေလောက်ပါပြီ...” ကျွန်ုပ်တို့ဘဝမှာ ရင်ဆိုင်ကြုံတွေ့ရမယ့် အရည်အသွေးပြည့်ဝသူတွေနဲ့ အရည်အသွေး ညံ့ဖျင်းသူတွေအပေါ် မူတည်ပြီး ကျွန်ုပ်တို့ရဲ့ တိုးတက်ပြောင်းလဲမှု တွေက အမျိုးမျိုးရှိနေမှာ ဖြစ်ပါတယ်။

မကောင်းတဲ့အရည်အသွေးတွေအဖြစ် လူအများစုက သတ်မှတ်ကြ တဲ့ အရာတွေကတော့ အသင်အပြ ညံ့ဖျင်းသော ဆရာ၊ ဆရာမ၊ သင်တန်း ဆရာ၊ ဆရာမများ အအိပ်ကြမ်းသော ခင်ပွန်းသည်နှင့် ဟောက်လွန်းသည့် ဇနီးသည်၊ ဗီရိုတံခါးဖွင့်ပြီး ပြန်မပိတ်တတ်သော၊ ရေချိုးခန်းကရေဖွင့်ပြီး ပြန်မပိတ်တဲ့ ခင်ပွန်းသည်၊ တစ်အိမ်လုံး တစ်ခန်းလုံးကို အမှိုက်ဖွတတ် သော ကလေးငယ်များ၊ ဆိုဆုံးမရခက်သော ကလေးငယ်များပဲ ဖြစ်ပါ တယ်။

အကယ်၍ သင့်ဇနီးသည်က သင့်ကို ဒေါသထွက်အောင်လုပ်တယ် ဆိုရင် သင်အဓိကဖြေရှင်းလုပ်ကိုင်ရမှာက ဒေါသကို ဖြေပျောက်အောင် စီမံခြင်းပဲ ဖြစ်ပါတယ်။ သင့်အနေနဲ့ စိတ်တိုင်းမကျတဲ့ အိမ်ထောင်သည် ဘဝမှာ နေရခြင်းကို ဒေါသထွက်နေတယ်ဆိုရင် နောက်ထပ်အိမ်ထောင် သစ်မထူထောင်နိုင်သေးခင် အချိန်အထိ အဲဒီဒေါသကို ဖြေပျောက်နိုင်စေမယ့် အခွင့်အရေး မရှိနိုင်ပါဘူး။

လိုရင်းတိုရှင်းအဓိပ္ပာယ်

သင့်ဘဝထဲကို ဝင်ရောက်လာတဲ့လူတိုင်းဟာ သင့်ရဲ့ဆရာတွေသာ ဖြစ်ပါတယ်။ သင့်ဆရာတွေအဖြစ်နဲ့ သင့်ဘဝထဲဝင်ရောက်လာပြီးနောက်မှာ သင့်ရဲ့အကန့်အသတ်တွေက ဘယ်နေရာမှာရှိတယ်ဆိုတာကို သင့်အား သင်ကြားပြသပေးမှာ ဖြစ်ပါတယ်။

သင့်ဘဝထဲ ဝင်ရောက်လာသူတွေဟာ သင့်ရဲ့ဆရာသမားတွေဖြစ်တာကြောင့် သင်ကနှစ်သက်ရမယ်၊ သင့်ဘက်က နှစ်သက်ဖို့လိုတယ်လို့ မဆိုလိုပါဘူး။

တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပါ

ဘဝဆိုတာ လှေကားတစ်စင်းနဲ့ဆင်တူပြီး အပေါ်ကို တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ထစ်ပြီးတစ်ထစ် တက်ရတဲ့ သဘောကို ရည်ညွှန်းနေပါတယ်။

ကျွန်ုပ်တို့ဘဝရဲ့ လှေကားထစ်တွေကို အဆင့်ဆင့်တက်လှမ်းသွားနိုင်ဖို့ လှေကားထစ်တစ်ခုချင်းစီက ခိုင်မာစွာနဲ့ ရှိနေဖို့လိုပါတယ်။ ခိုင်မာမှုရှိတဲ့ လှေကားထစ်တစ်ထစ်ချင်းစီကို တက်နိုင်မှသာ နောက်ထပ်လှေကားထစ်အဆင့်ဆင့်ကို တက်ရောက်ပြီး အပေါ်သို့ ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ ဘဝရဲ့ လှေကားထစ်တစ်ထစ်ချင်းကို တက်လှမ်းမယ့်လူတိုင်းဟာ ကိုယ်ပိုင်နည်းလမ်းတွေနဲ့ မိမိတို့ရဲ့ လှေကားထစ်တွေ ခိုင်ခံ့အောင်လုပ်ရပါလိမ့်မယ်။ (ကျွန်ုပ်တို့ အကျပ်ရိုက်(သောင်တင်နေတဲ့)အချိန်တွေမှာ အောက်ပါအတိုင်းပြောမိပါလိမ့်မယ်)

'ကျွန်တော် ဒီအဆင့်၊ ဒီလှေကားထစ်ကို မုန်းတီးတယ်'

'ကျွန်တော်က အခြားသော လှေကားထစ်တွေကို တက်လှမ်းချင်တယ်'

'ကျွန်တော်က အခြားတစ်ယောက်ယောက်ရဲ့ လှေကားထစ်တွေကို တက်လှမ်းချင်တယ်'

(ကျွန်ုပ်တို့မနာလိုစိတ်တွေ ဖြစ်ပေါ်နေတဲ့အခါ အထက်ပါအတိုင်းပြောမိပါလိမ့်မယ်)

(ကျွန်ုပ်တို့ စိတ်ထွက်ပေါက်ရှာပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုတဲ့အခါ အောက်ပါအတိုင်း ပြောမိပါလိမ့်မယ်)

'ကျွန်တော်၊ ကျွန်မ ဒီလှေကားပေါ်ကို တက်ပြီး ငရဲရောက်အောင် ခုန်ချလိုက်မယ်' တကယ်ဆို ကျွန်ုပ်တို့ အကျပ်ရိုက်နေတဲ့အချိန်မှာ ကျွန်ုပ်တို့ ကိုယ်ကို အခုလိုမေးခွန်းထုတ်သင့်ပါတယ်။

'ငါဘာတွေကိုများ မပြင်ခဲ့ရသေးတာလဲ'

'ဘယ်အချိန်မှာ ရိုးရှင်းတဲ့ဘဝကို ရရှိစေမလဲ'

သင့်ဘဝကို ပိုမိုကောင်းမွန်အောင် ထိန်းချုပ်ကိုင်တွယ်နိုင်စေဖို့ သင် အသက်ရှင် ရပ်တည်နေစဉ်အတွင်း ဘဝသင်ခန်းစာတွေကို အသက်အပိုင်း အခြားအလိုက် လေ့လာမှတ်သား ပြီး လက်တွေ့အသုံးချနိုင်အောင် ကြိုးစားပေးပါ။

ကျွန်ုပ်တို့ ဘဝအတွက် အစစအရာရာကို ကိုယ်တိုင်သတိပြုရမှာ ဖြစ်ပြီး အခြားဘယ်သူကမှ သတိလာပေးမှာ မဟုတ်ပါဘူး။ အလားတူ သင့်ကို စိတ်ရှုပ်ထွေးအောင်လည်း အခြားဘယ်သူကမှ မလုပ်နိုင်ပါဘူး။ ဘဝသက်တမ်းအပိုင်းအခြားအလိုက် သင်ခန်းစာတွေကို လေ့လာမှတ်သား လက်တွေ့အသုံးချနိုင်ရင် သင့်ဘဝရဲ့ ရိုးရှင်းစွာ ဖြစ်တည်မှုကို သင်ကိုယ်တိုင် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ကျွန်ုပ်တို့မှာ ဖြစ်ပေါ်ကြုံတွေ့ရတဲ့ ပြဿနာတွေကို ဖြေရှင်းရင်း စိတ်မသက်သာတဲ့ အချိန်တွေမှာ အခြားလူတွေရဲ့ဘဝကို မျှော်တွေးပြီး အားကျတဲ့စိတ် ဖြစ်ပေါ်လာတတ်ပါတယ်။ တကယ်တော့ သင်တို့၊ ကျွန်ုပ်တို့ အားကျတဲ့စိတ် ဖြစ်ပေါ်ရတဲ့သူတွေမှာလည်း ဖြေရှင်းစရာပြဿနာ ကိုယ်စီ ရှိနေတာအမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့် လောကမှာ ပြဿနာတွေ ဟာ မိမိဆီကိုပဲ ဦးတည်လာနေတယ်လို့ ယုံမှားသံသယဖြစ်စရာ မလိုတော့ ပါဘူး။

ဥပမာအနေနဲ့ ဘီလ်ဟာ ပင်စင်လစာခံစားနေတဲ့ အငြိမ်းစားတစ်ဦး ဖြစ်ပါတယ်။ ပင်စင်လစာ ငွေကောင်းတာကြောင့် သူဟာ အိမ်တစ်လုံး

ဝယ်လိုက်ပြီး ကားသစ်တစ်စီးကိုပါ ဝယ်နိုင်ခဲ့ပါတယ်။

နောက်ပြီး ဘီလ်က စားသောက်ဆိုင်ကောင်းကောင်းမှာစားတယ်။ နိုင်ငံရပ်ခြားကို အပျော်ခရီးထွက်တယ်။ ဂေါက်သီးရိုက်တယ်၊ သူက ကောင်းကောင်းနေ ကောင်းကောင်းစားပြီး စိတ်ချမ်းသာမှုတွေ ရရှိခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ ငွေယိုပေါက်တွေများလာပါတော့တယ်။ ဘီလ်ရဲ့ သားတော်မောင်က ကိုကင်းစွဲတယ်။ ငွေလိမ်ခံရတယ်။ ငွေကုန်ကြေးကျ များစရာတွေက တစ်ခုပြီးတစ်ခု ဖြစ်လာခဲ့တယ်။ အဲဒီမှာတင် 'ဘီလ်'ရဲ့ စိတ်ချမ်းသာစရာကောင်းခဲ့တဲ့ အခြေအနေအရပ်ရပ်က စိတ်ဆင်းရဲစရာ တွေအဖြစ် ရုတ်ခြည်းပြောင်းလဲသွားပါတော့တယ်။ ရိုးရှင်းတဲ့ဘဝကို ရရှိ ပိုင်ဆိုင်နိုင်အောင် ကြိုးစားနိုင်ခဲ့သော်လည်း ရေရှည်တည်တံ့ခိုင်မြဲအောင် မထိန်းသိမ်းနိုင်ခဲ့ရင် ရှုပ်ထွေးတဲ့ဘဝနဲ့ ဘဝကို အလဟဿအဆုံးသတ်ရ တတ်ပါတယ်။ အချို့လူတွေဟာ ရိုးရှင်းတဲ့ဘဝကို ပိုင်ဆိုင်ထားနိုင်သလို ရေရှည်တည်မြဲအောင်လည်း ထိန်းသိမ်းထားနိုင်ကြပါတယ်။ ခက်တာက အရာအားလုံး လွယ်ကူအဆင်ပြေနေတဲ့အချိန်မှာ ပြဿနာဖြစ်စေနိုင်တဲ့ အခြေအနေတွေကို ရှာဖွေမိတတ်ကြပါတယ်။

အရာအားလုံး လွယ်ကူအဆင်ပြေနေတာကို တင်းတိမ်ကျေနပ်မှုမရှိ ဘဲ တစ်ခုခုကို စမ်းသပ်လုပ်ကိုင်ကြည့်လိုတဲ့အခါ ကျွန်ုပ်တို့က အခုလို ပြောမိပါလိမ့်မယ်။



'ဒါလုပ်ရတာလွယ်ပါတယ်ဗျာ...၊ ကျုပ် ဒါကို မျက်စိပိတ်ပြီးလုပ်ပြမယ်'

'ကျွန်တော် စိန်ခေါ်မှုတစ်ခုခုတော့ လိုအပ်နေပြီ...၊ ကျွန်တော်လုပ်နိုင်ပါတယ်'

ကျွန်ုပ်တို့က ရိုးရှင်းတဲ့ဘဝကို ပိုင်ဆိုင်ထားတဲ့အခါ မိသားစုတစ်ခုကို တည်ဆောက်ချင်တဲ့စိတ် ဖြစ်ပေါ်လာတတ်ပါတယ်။ အိမ်ထောင်တစ်ခုတည်ထောင်လိုတဲ့အခါ အိမ်တစ်လုံးဝယ်ပြီး ကားတစ်စီးပါ အဆင်သင့်ပြင်ဆင်ထားနိုင်ဖို့ ကြိုးစားပါလိမ့်မယ်။ အိမ်ထောင်တည်ထောင်ပြီးနောက်ပိုင်း အဆင်ပြေချောမွေ့လွယ်ကူခြင်းတွေနဲ့ ဝေးကွာသွားတဲ့အခါမှာတော့ ရိုးရှင်းတဲ့ဘဝဆီ ပြန်လည်ရောက်ရှိလိုစိတ် ဖြစ်ပေါ်လာတတ်ပါတယ်။

ကျွန်ုပ်ရူးသွပ်မသွားအောင် ဘယ်လိုထိန်းသိမ်းမလဲ

သင်က ရူးသွပ်မသွားစေဖို့အတွက် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းချင်တယ်ဆိုရင် အောက်ပါဖော်ပြချက်တွေကို လိုက်နာဖို့လိုအပ်ပါတယ်။

သင့်ကိုယ်သင် ဘယ်တော့မှ အခုလို မပြောရ။ ။ 'ငါ့ကိုယ်စိတ်နှစ်ပါးပြေလျော့မှုမရှိဘူး'

သင့်အနေနဲ့အကြောင်းကိစ္စများစွာရဲ့ အလယ်မှာ ရှိနေစဉ်အတွင်း အတတ်နိုင်ဆုံး စိတ်ပျော်ရွှင်စွာ နေတတ်အောင် ကြိုးစားပေးပါ။

သင့်ကိုယ်သင် အဆက်မပြတ် အခုလိုမေးပါ။ ။ 'ဒီကနေ ငါ ဘာတွေကို လေ့လာသင်ယူနိုင်မလဲ'

အချို့လူတွေက 'ပျော်ရွှင်မှုဆိုတာဟာ တံလျှပ်လို တဒင်္ဂလောက်သာ ဖြစ်တယ်' လို့ ပြောဆိုကြပါတယ်။ တကယ်တော့ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းဆိုတာဟာ တစ်ခုတည်းချည်း ရေရှည်တည်တံ့စွာ ဖြစ်ပေါ်တတ်တာ မဟုတ်ပါဘူး။ အခြေအနေ အချိန်အခါအပေါ် မူတည်ပြီးမှ အလှည့်ကျ ဖြစ်ပေါ်လာတတ်တာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ပျော်ရွှင်ကြည်နူးစရာတွေ ဘယ်လောက်ပဲများစွာ ရှိနေပေမဲ့ နောက်တစ်နေ့၊ နောက်တစ်ပတ် နောက်တစ်လကို ရောက်ရင်တော့ ပျော်ရွှင်မှုတွေရဲ့နေရာမှာ စိတ်အလိုမကျစရာ၊ ဝမ်းနည်းစရာတွေက အလိုအလျောက် အစားထိုးဝင်ရောက်လာမှာ ဖြစ်ပါတယ်။

အခြားလူများအား သင်ခန်းစာတစ်ခု သင်ကြားပေးခြင်း

သင် ဖတ်ပြီးသွားတဲ့ စာတစ်အုပ်နဲ့ ပတ်သက်ပြီး အရမ်းကို စိတ်လှုပ်ရှားခဲ့ဖူးပါသလား? အကယ်၍ သင်က စိတ်လှုပ်ရှားမှုဖြစ်တယ်ဆိုရင် စာအုပ်ကို သင့်သူငယ်ချင်းဆီယူသွားပြီး အခုလိုပြောပါလိမ့်မယ်။ 'ဒီစာအုပ်ကို ဖတ်ကြည့်စမ်းပါ၊ အရမ်းကောင်းတယ်။ မင်း အသက်ရှူမှားလောက်တယ်' သင်က စာအုပ်ဖတ်တဲ့အကြောင်း အခြေအနေအကျိုးအကြောင်းကို သိချင်တာနဲ့ သင့် သူငယ်ချင်းဆီက လာမယ့်ဖုန်းကို စောင့်နေမိပါလိမ့်မယ်။ တကယ်တော့ သင်စောင့်ဆိုင်းနေတဲ့ သူငယ်ချင်းဆီက ဘာဖုန်းမှ မလာဘူး ဆိုပါတော့ ၆ လလောက်ကြာပြီး သင်က စာအုပ်ကို ပြန်တောင်းတဲ့အခါ အခြေအနေက အောက်ပါအတိုင်း အမျိုးမျိုးဖြစ်နိုင်ပါတယ်။

– သင့်သူငယ်ချင်းက လုံးဝမဖတ်ရသေးဘူးလို့ ဆိုမယ်။

– စာအုပ်ပျောက်သွားပြီလို့ ပြောမယ်။

တစ်ခါတစ်ရံ လောကမှာ သင်မျှော်မှန်းထားတဲ့ အရာတွေက လက်တွေ့ အဖြစ်အပျက်တွေနဲ့ လုံးလုံးကြီး ဆန့်ကျင်နေတာကို သင်တွေ့ရပါလိမ့်မယ်။ လောကမှာ ထင်တဲ့အတိုင်း ဖြစ်မလာခြင်းဟာလည်း လောကရဲ့ သင်ခန်းစာတစ်ရပ်သာဖြစ်ပါတယ်။

လိုရင်းတိုရှင်းအမိပ္ပာယ်

လူတွေက သင့်ကို မေးမြန်းခြင်း တစ်စုံတစ်ရာမရှိခဲ့ရင် သူတို့က သတင်းအချက်အလက်တွေကို အမှန်တကယ် မလိုချင်တဲ့ သဘောကို သိရှိနိုင်ပါတယ်။

ဒီကနေ ဘာတွေကို လေ့လာသင်ယူနိုင်မလဲ

သင့်ဘဝတစ်သက်တာအတွင်း အရာရာကို သင်ယူခွင့်ရရှိအောင် ကြိုးစားပေးပါ။ သင့်ဘဝတစ်သက်တာအတွင်း ကြုံတွေ့ရတဲ့ လူတိုင်းကို သင့်ရဲ့ ဆရာတွေအဖြစ် သဘောထားပေးပါ။

သင့်မိတ်ဆွေအပေါင်းအသင်း၊ ချစ်သူ၊ သူစိမ်းသူရဲ့များ ဘတ်စ်ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်ပျံတို့ပေါ်၌ တွေ့ကြုံခဲ့ရသည့် ခရီးသည်များကို တောင် သင့်အတွက် ဆရာတွေအဖြစ် သတ်မှတ်နိုင်ပါတယ်။

သင့်ဘဝမှာ ကြုံတွေ့ခဲ့ရတဲ့ ဆရာအမျိုးမျိုးတွေဟာ သင့်ဘဝခရီး လမ်းတစ်လျှောက် ဦးတည်ရာ ပန်းတိုင်တွေကို မှန်ကန်စွာ ရောက်ရှိအောင် လမ်းညွှန်ပြသပေးနိုင်ပါတယ်။ သင့်ဘဝမှာ ဖတ်ရှုလေ့လာဖူးတဲ့ စာအုပ်တစ်အုပ်ဟာ သင့်ရဲ့ စဉ်းစားတွေးခေါ်မှုတွေ၊ ဘဝနေထိုင်မှုပုံစံတွေကို ထိရောက်စွာ ပုံသွင်းပေးနိုင်တာကြောင့် အဲဒီစာအုပ်ကိုလည်း သင့်ဘဝရဲ့ ဆရာတစ်ဆူအဖြစ် လက်ခံသတ်မှတ်ပေးနိုင်ပါတယ်။ ကျွန်ုပ်တို့ဘဝမှာ ကြုံတွေ့ရတတ်တဲ့ ဘေးဒုက္ခအန္တရာယ်များ မတော်တဆ ထိခိုက်မှုတွေ ဟာလည်း ဘဝတစ်သက်တာအတွင်း ထိရောက်တဲ့ သင်ခန်းစာတွေကို ဖြစ်လာစေပါတယ်။



ကျွန်ုပ်ရဲ့ နောက်ထပ်သင်ခန်းစာတွေက ဘယ်နေရာမှာလဲ

ကျွန်ုပ်တို့ ကြုံတွေ့ရရှိမယ့် သင်ခန်းစာတွေက နေရာတိုင်းမှာ ရှိနေတတ်ပါတယ်။ ကျွန်ုပ်တို့အနေနဲ့ ဘယ်လို အခြေအနေအပိုင်းကဏ္ဍကို ပဲ ရောက် ရောက် အရာရာကို သတိထား နေတတ်ရင် သင်ခန်းစာအမျိုးမျိုးကို ရရှိမှာ ဖြစ်ပါတယ်။

၂

စကြဝဠာထဲမှာ ဘယ်အရာကိုမှ မျက်နှာသာပေးစရာမရှိပါ

သင့်ရဲ့ပျော်ရွှင်မှုနဲ့ အောင်မြင်မှုတွေက သဘာဝတရားနဲ့ စည်းမျဉ်းဥပဒေသတွေ သဘာဝတရားကြီးကို ဘယ်လိုအသုံးချရမယ်ဆိုတဲ့အပေါ် အဓိက မူတည်နေပါတယ်။

ကမ္ဘာလုံးဆိုင်ရာ ဥပဒေသ

ကြီးမြတ်တဲ့ ဘာသာရေးဆရာတွေက သူတို့ရဲ့ ဇာတ်လမ်းတွေကို ပြောဆိုကြရာမှာ မျိုးစေ့ကြဲခြင်း၊ ရေသွယ်ခြင်း၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတွေအကြောင်း အဓိက ပြောဆိုကြမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးတွေအကြောင်းကို အဓိကပြောဆိုတဲ့အခါ ရာသီဥတုတွေ အကြောင်း၊ စိုက်ပျိုးသီးနှံတွေအကြောင်းကို အဓိက ပြောဆိုပါလိမ့်မယ်။ လူ့ယဉ်ကျေးမှုစတင်ထွန်းကားစဉ် ကာလတစ်လျှောက်မှာ လူတွေဟာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးဖမ်းခြင်းတွေနဲ့ အသက်မွေးခဲ့ကြပြီး နောက်ပိုင်းမှာတော့ ယဉ်ကျေးမှု မြင့်မားစွာ ထွန်းကားလာစေဖို့ အဆင့်ဆင့် တိုးတက်ပြောင်းလဲအောင် လုပ်နိုင်ခဲ့ကြပါတယ်။

အကြောင်းအကျိုးဆက်စပ်နေသော မျိုးစေ့ဆိုင်ရာ ဥပဒေသ

သင်လုပ်ခဲ့ပြီးတဲ့ အရာတွေအတိုင်း သင်ပြန်လည်ရရှိတဲ့သဘော၊ သင် စိုက်ပျိုးခဲ့တဲ့အတိုင်း သင်ပြန်လည်ရိတ်သိမ်းရတဲ့ သဘောဟာ အကြောင်းအကျိုး ဆက်စပ်နေတဲ့ မျိုးစေ့ဆိုင်ရာ ဥပဒေသသာဖြစ်ပါတယ်။ မျိုးစေ့ဆိုင်ရာ ဥပဒေသအရ ဆက်လက်ရှင်သန်တိုးတက်လာစေဖို့ ဆောင်ရွက်ရာမှာ သင်ဟာ မြေဆီလွှာကို တူးဆွပြီး မျိုးစေ့ကို ရေလောင်းပေးဖို့ လိုပါတယ်။ နောက်ပြီး ပွင့်လာ သီးလာမယ့် အရေးအတွက် သင်ဟာ စိတ်ရည်သည်းခံစွာနဲ့ စောင့်ဆိုင်းနေတတ်ဖို့လိုပါတယ်။ သင်က စိတ်ရည်သည်းခံစွာနဲ့ စောင့်ဆိုင်းနိုင်တဲ့အခါ သင်စိုက်ပျိုးခဲ့တဲ့အတိုင်း ပြန်လည်ရရှိမှာ ဖြစ်ပါတယ်။ အကြောင်းအကျိုး ဆက်စပ်နေတဲ့ မျိုးစေ့ဆိုင်ရာ ဥပဒေအရ သင်လုပ်ခဲ့တဲ့အကြောင်းကြောင့် သင်ရရှိတဲ့အကျိုးကို အောက်ပါအအတိုင်း ညီမျှခြင်းချနိုင်ပါတယ်။ (**ကြိုးစားအားထုတ်မှု + စိတ်ရည်သည်းခံခြင်း = အကျိုးရလဒ်**) အချို့သော လူတွေက အခုလိုပြောကြပါလိမ့်မယ်။ တကယ်လို့ ကျွန်ုပ် ဒီနေ့ ပဲပင်ကို စိုက်ခဲ့မယ်ဆိုရင် နက်ဖြန်မှာ ဘာပြန်ရလိမ့်မလဲ။ ဖော်ပြပါ မေးခွန်းအတွက် အသင့်လျော်ဆုံးသော အဖြေကတော့ 'စိုရွှဲတဲ့ ပဲစေ့' ပဲ ဖြစ်ပါတယ်။

သို့သော်လည်း မျိုးစေ့ဆိုင်ရာ ဥပဒေသအရ အဖြေပေးမယ်ဆိုရင်တော့...

"သင် ဒီနေ့စိုက်မယ်ဆိုရင် သင်က နောက်ပိုင်းမှာ စိုက်ပျိုးခဲ့တဲ့အတိုင်း ရိတ်သိမ်းရမှာဖြစ်ပါတယ်။ ပဲပင်ကို ယနေ့စိုက်မယ်ဆိုရင် လေးလအတွင်း ပဲပင်ကို ရိတ်သိမ်းနိုင်မှာဖြစ်ပါတယ်။ တကယ်လို့ လူတိုင်းကိုယ်စီမှာ ကိုယ်ပိုင်အစားအစာတွေ လုံလောက်နေမယ်ဆိုရင် လူတိုင်းဟာ မျိုးစေ့ကနေ အပင်ပေါက်ပြီး အသီးသီးတဲ့အချိန်အထိ စိတ်ရည်စွာဖြင့် စောင့်ဆိုင်းတတ်တဲ့ အလေ့အကျင့်ကို ရရှိလာမှာဖြစ်ပါတယ်။

မိတ်ဆွေအပေါင်းအသင်းကောင်းတွေ ရရှိလာဖို့အတွက် သင်ဟာ ရင်းနှီးကျွမ်းဝင်မှုတွေ အကြိမ်ကြိမ်အခါခါ ရှိထားဖို့လိုပါတယ်။ ထို့အတူ ဝန်ထမ်းကောင်းတွေ ရရှိလာစေဖို့ကလည်း နှစ်ချိုပြီး ထိရောက်ကောင်းမွန်တဲ့ လေ့ကျင့်ပျိုးထောင်ပေးမှုတွေ ဦးစွာရှိထားဖို့လိုအပ်ပါတယ်။ သင့်က

ဖောက်သည်ကောင်းတွေ ရရှိလာဖို့အတွက် စိတ်ရည်သည်းခံစွာ အချိန်ပေးပြီး ဝန်ဆောင်မှုတွေ မျှားစွာပေးရမှာဖြစ်သလို ခေါက်ဆွဲကောင်းကောင်းကို စားသောက်နိုင်တဲ့ အခွင့်အရေးရဖို့အတွက် သင်ဟာ စားသောက်ဆိုင် အတော်များများမှာ ဝင်ရောက်စားသောက်ဖူးတတ်သူဖြစ်နေဖို့လိုပါတယ်။ လောကမှာ ကျွန်ုပ်တို့ ရယူပိုင်ဆိုင်ချင်တဲ့ အရာတွေက ပိုမိုတန်ဖိုးကြီးလေ စောင့်ဆိုင်းဖို့အတွက် ထိုက်တန်တဲ့ အချိန်တွေက ပိုမိုများပြားလေ ဖြစ်တတ်ပါတယ်။

အကြောင်းနှင့်အကျိုး

သင့်ဘဝက သိသာစွာ တိုးတက်အောင်မြင်မှုမရှိဘဲ တန့်နေတယ်ဆိုရင် သင့်ကိုယ်သင် ဘာတွေ လိုအပ်နေတယ်၊ ဘယ်နေရာတွေမှာ အားနည်းချက်ရှိနေတယ်ဆိုတာ သိရှိနိုင်စေဖို့ သတိပြုလေ့လာသုံးသပ်ပေးပါ။ သင့်

ဘဝ တိုးတက်ရာတိုးတက်ကြောင်းအတွက် စဉ်းစားသုံးသပ်ရာမှာ အခြားလူတွေပြောဆိုတဲ့ စကားတွေကို သင့်ရဲ့စဉ်းစားတွေးခေါ်ချက်တွေနဲ့ ကိုက်ညီမှုရှိ မရှိ နားထောင်စရာ လုံးဝမလိုပါဘူး။

သင့်မှာ ရှိနေတဲ့ အားနည်းချက်တွေနဲ့ အားသာချက်တွေကို အခြားလူတွေရဲ့ အခြေအနေတွေနဲ့ လုံးဝနှိုင်းယှဉ်ခြင်းမပြုဘဲ သင့်အတွက် ကောင်းမွန်တဲ့ အစီအစဉ်တွေကို သင့်ကိုယ်ပိုင်နည်းလမ်းနဲ့သာ ဖြေရှင်းနိုင်ဖို့လိုပါတယ်။

တစ်စုံတစ်ယောက်က သင့်ကို အခုလို ပြောပြနိုင်ပါလိမ့်မယ်။ "ကျွန်တော် နံနက်စောစော အိပ်ရာကထတယ်။ ကျွန်တော့်ကိုယ်ခန္ဓာကြွေခိုင်မှုအတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတွေလုပ်တယ်။ ကျွန်တော်က စာပေလေ့လာလိုက်စားတယ်၊ လူမှုဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် လုပ်တယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ဘဝမှာ ဘာဆိုဘာမှ ဖြစ်မလာခဲ့ပါဘူး"

ဒီလို စကားမျိုးကို သင်ကြားရခြင်းဖြင့် စိတ်ဓာတ်ကျစရာမလိုအပ်ပါဘူး။ လောကမှာ ကိုယ်ဖြစ်ချင်သလို မဖြစ်တာတွေက အများကြီး ရှိနေတာကို အမှန်အတိုင်း လက်ခံနိုင်ဖို့လိုပါတယ်။ လူတိုင်းမှာ အပြည့်အဝ ကြိုးစားအားထုတ်နိုင်ခွင့်တွေ ရှိထားပြီးဖြစ်ပါတယ်။ သို့သော်လည်း ကြိုးစားအားထုတ်ပုံချင်း (သို့) ကြိုးစားအားထုတ်တဲ့နည်းလမ်းတွေ တစ်ဦးနဲ့ တစ်ဦး မတူညီတတ်တာကြောင့် အားသာချက်၊ အားနည်းချက်တွေ ကွဲပြားသွားသလို အကျိုးရလဒ်ရရှိပုံချင်းကလည်း ကွဲပြားသွားတာ သဘာဝဖြစ်ပါတယ်။

ဘယ်သူမဆို လက်ရှိအခြေအနေမှန်အပေါ်မှာ ကျေနပ်စွာ လက်ခံထားဖို့လိုပြီး အောင်မြင်မှုရရှိပါက မာန်မာနထောင်လွှားစရာမလိုအပ်သလို ကျရှုံးပါကလည်း စိတ်ဓာတ်ကျအားငယ်စရာ လုံးဝမလိုအပ်ပါဘူး။ တကယ်တော့ လူတစ်ဦးချင်းစီရဲ့ ဘဝမှာ ပျော်ရွှင်စရာချည်း သက်သက်ပဲ မရှိတတ်သလို စိတ်ပျက်ဝမ်းနည်းစရာချည်းသက်သက်ပဲ ရှိနေတာ မဟုတ်ပါဘူး။ ကျွန်ုပ်တို့ လူသားတစ်ဦးချင်းစီရဲ့ ဘဝကို ကာယခွန်အားနဲ့ စိတ်ဓာတ်ခွန်အားတွေ ပါဝင်ဖွဲ့စည်း တည်ဆောက်ထားတာဖြစ်လို့ 'ဘဝမှာ ဘာတစ်ခုမှ ကောင်းတာမရှိဘူး'... ဆိုတဲ့ စကားကို ချေဖျက်ပစ်နိုင်စွမ်းရှိ

ရပါမယ်။ သင့်ဘဝမှာ ကြုံတွေ့ရတဲ့ အခြေအနေ အဖြစ်အပျက်တွေက သင့်ဘဝကို အခြေအနေ အချိန်အခါ အလိုက်ပြောင်းလဲအောင် ပုံသွင်းပေးနိုင်တယ်ဆိုတာကို လက်ခံထားရပါလိမ့်မယ်။

ကျွန်ုပ်တို့က အခြားလူတွေရဲ့ ဘဝကို ကြည့်ပြီး အခုလို ပြောမိပါလိမ့်မယ်။

"သူတို့က ဘာကြောင့် အခုလို ကံကောင်းရတာလဲ"

တကယ်တော့ လူတိုင်းအတွက် အကြောင်းအကျိုးတွေက မျက်နှာမလိုက်စတမ်း စီမံပေးနေမှာဖြစ်ပါတယ်။

လိုရင်းတိုရှင်းအဓိပ္ပာယ်

ကျွန်ုပ်တို့ ကိုယ်ကို ရိုးသားမှုရှိတယ်ဆိုရင် ကျွန်ုပ်တို့ဆီမှာ ဖြစ်ပေါ် ကြုံတွေ့ခံစားရမယ့် အခြေအနေ အရပ်ရပ်ကို ကျေနပ်စွာ လက်ခံနိုင်စွမ်းရှိလာမှာဖြစ်ပါတယ်။ ထို့အတူ ကျွန်ုပ်တို့ ဖြစ်ချင်လိုချင်တဲ့ အရာတွေရရှိ ဖြစ်ပေါ်လာအောင်လည်း ကိုယ်တိုင်ကိုယ်ကျ ဖန်တီးနိုင်စွမ်းတွေ ရှိနေဖို့ လိုအပ်ပါတယ်။

သင့်ဘဝတစ်သက်တာအတွင်း အကြောင်းအကျိုး ဆက်စပ်မှုတွေကို မျက်ခြည်မပြတ်ရအောင် စောင့်ကြည့်ပြီး သင့်ကိုယ်ပိုင်အောင်မြင်မှုနဲ့ ကိုယ်ပိုင်စိတ်ပျက်စရာတွေကို ခွဲခြားနားလည်နိုင်စွမ်း ရှိလာပါလိမ့်မယ်။

သင့်အနေနဲ့ ကြောင်းကျိုးဆက်စပ်မှုတွေအပေါ် လက်ခံတတ်တဲ့ အလေ့အကျင့်များလာတဲ့အခါ အောင်မြင်မှုရရှိခြင်းအပေါ် ဝင့်ကြွားလိုစိတ် မရှိတော့သလို ကျရှုံးမှုနဲ့ ရင်ဆိုင်ရတဲ့အခါမှာလည်း စိတ်ပျက်ဝမ်းနည်းခြင်းတွေ မရှိနိုင်တော့ပါဘူး။ ထိုအခါ သင်က စိတ်ရဲ့တည်ငြိမ်အေးချမ်းမှုကို ရရှိလာပြီး ဘဝတစ်သက်တာအချိန်တွေကို အဓိပ္ပာယ်ရှိစွာနဲ့ ဖြတ်သန်းနိုင်တော့မှာ ဖြစ်ပါတယ်။